ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

KBZ BANK
STRENGTH OF MYANMAR

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်၊ စနေနေ့ (2-4-2016) (၈၅၂၄)

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြု

**နေပြည်တော် ဧပြီ ၁**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေကြမ်းအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ◆**



မတ် ၃၀ ရက်က ကျင်းပသော နိုင်ငံတော်သမ္မတတာဝန် လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားသို့ ဒေါ်အောင်ဆန်းစုကြည်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့ တက်ရောက်ခဲ့စဉ်က တွေ့ရပုံ။(သတင်းစဉ်)

## ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် တပ်မတော်ကို သံယောဇဉ်ရှိတယ်

# တပ်မတော်နဲ့ ပူးပေါင်းဆောင်ရွက်မယ်

## တပ်မတော်ခေါင်းဆောင်ကလည်း ပူးပေါင်းဆောင်ရွက်မယ်လို့ ကတိပေးတယ်

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးဝင်းထိန်နှင့် တွေ့ဆုံမေးမြန်းခြင်း**

**သတင်းအဖွဲ့**

ပြောင်းလဲချိန်တန်ပြီဆိုသည့် စကားသည် ပြောင်းလဲတိုးတက်မှုကိုလိုလားလျက်ရှိသော ပြည်သူ့အတွက်၊ မြန်မာ့ဒီမိုကရေစီပြောင်းလဲမှုအတွက် သမိုင်းတွင်သည့် စကားရပ်ဖြစ်ခဲ့သည်။

ဒုတိယအကြိမ် လွှတ်တော်နှင့် အစိုးရအဖွဲ့များကို ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏မူဝါဒများနှင့်ကိုက်ညီစွာ ဖွဲ့စည်းနိုင်ခဲ့ပြီးဖြစ်သည်။

မတ် ၃၀ ရက်တွင် နိုင်ငံတော်သမ္မတတာဝန်လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကိုလည်း ကျင်းပနိုင်ခဲ့သည်ကို ပြည်သူအားလုံး သိရှိကြပြီးဖြစ်သည်။

နိုင်ငံတော်သမ္မတတာဝန် အောင်အောင်မြင်မြင်လွှဲပြောင်းနိုင်ခဲ့မှုဖြစ်စဉ်တွင် ပါဝင်ခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးဝင်းထိန်အား တာဝန်လွှဲပြောင်းမှုတွင် ပါဝင်ဆောင်ရွက်ခဲ့မှုအခြေအနေနှင့် ပြုပြင်ပြောင်းလဲဆောင်ရွက်သွားမည့် အခြေအနေများကို သတင်းအဖွဲ့က ဧပြီ ၁ ရက် နံနက်ပိုင်းက သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်ရေးသားတင်ပြလိုက်ရပါသည်-

**မေး။ အစိုးရအဟောင်းနဲ့ အသစ်အကြား အဆင်ပြေပြေ တာဝန်လွှဲပြောင်းနိုင်ဖို့အတွက် ဆောင်ရွက်ခဲ့တဲ့ အခြေအနေကို ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ကျွန်တော်က ၂၀၁၅ ရွေးကောက်ပွဲမှာ ကျန်းမာရေးကြောင့် ရွေးကောက်ပွဲမဝင်ဘူး၊ မပါဘူး။ ဒါပေမယ့် ရွေးကောက်ပွဲအောင်နိုင်ရေးအဖွဲ့မှာ အရေးပါတဲ့ နေရာကနေ ပါဝင်ခဲ့တယ်။ အခုရွေးကောက်ပွဲမှာ အနိုင်ရပြီးတဲ့ အခါမှာ အစိုးရအဟောင်းနဲ့ အစိုးရအသစ်အကူးအပြောင်းမှာ အဆင်ပြေစွာ တာဝန်လွှဲပြောင်းနိုင်ရေးအတွက် ကျွန်တော့်ကို တာဝန်ပေးခံရတယ်။

အစိုးရအဟောင်းကတော့ နိုင်ငံတော်အကြီးအကဲတာဝန်လွှဲပြောင်းရေးအဖွဲ့လို့သုံးနှုန်းပြီးတော့ ကျွန်တော်တို့ကတော့ အသွင်ကူးပြောင်းရေးအဖွဲ့လို့ သုံးနှုန်းပါတယ်။ အစိုးရအဟောင်းရဲ့ နိုင်ငံတော်အကြီးအကဲတာဝန်လွှဲပြောင်းရေးအဖွဲ့မှာ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းခေါင်းဆောင်ပြီးတော့ ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ ညွှန်ကြားရေးမှူးချုပ် ဦးလှထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်အုန်းနဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့ ငါးဦးပါပါတယ်။

ကျွန်တော်တို့ဘက်ကတော့ ကျွန်တော်ခေါင်းဆောင်ပြီး ဒေါက်တာမျိုးအောင်၊ ဒေါက်တာအောင်သူတို့ပါပါတယ်။ ပံ့ပိုးကူညီဖို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်းနဲ့ ဦးကျော်သီဟ၊ ပြည်သူ့လွှတ်တော်က ဒေါ်ခင်စန်းလှိုင်ဆိုပြီး ဖွဲ့စည်းခဲ့ပါတယ်။

**မေး။ အသွင်ကူးပြောင်းရေးမှာ အေးအေးချမ်းချမ်းနဲ့ ကူးပြောင်းနိုင်ဖို့က အဓိကကျတဲ့ အခန်းကဏ္ဍမှာ ပါနေပါတယ်။ ဒီလိုကူးပြောင်းနိုင်ဖို့ ဆရာတို့အနေနဲ့ ဘာတွေဘယ်လို ညှိနှိုင်းဆောင်ရွက်ခဲ့ကြပါသလဲ။**

ဖြေ။ ဒီအသွင်ကူးပြောင်းရေးဟာ အေးအေးချမ်းချမ်းနဲ့ အသွင်ကူးပြောင်းနိုင်ဖို့ အလွန်အရေးကြီးပါတယ်။ ပထမအကြိမ် အသွင်ကူးပြောင်းရေးမှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သမ္မတကြီး ဦးသိန်းစိန်ကို လွှဲတာ၊ သူတို့တုန်းက အဆင်ပြေတယ်။ ဒါကမဆန်းဘူး။ ဘာကြောင့်လဲဆိုရင် သမ္မတ ဦးသိန်းစိန်ကိုယ်တိုင်က ဗိုလ်ချုပ်ကြီးဟောင်း၊ ပါဝင်တဲ့ ပုဂ္ဂိုလ်တော်တော်များများကလည်း တပ်မတော်က ဆိုတော့ သိပ်မထူးဆန်းဘူး။ ဒါပေမယ့် ပြည်သူလူထုအဆုံးအဖြတ်နဲ့ ရွေးကောက်ပွဲအောင်နိုင်တဲ့ ကျွန်တော်တို့ကို ဦးသိန်းစိန်ဦးဆောင်တဲ့အစိုးရက တာဝန်လွှဲတဲ့အခါကျတော့ အရပ်သားအစိုးရကို တာဝန်လွှဲတာ၊ သမိုင်းဝင်တဲ့ဖြစ်ရပ်ပါ။

ဒီသမိုင်းဝင်ဖြစ်ရပ်မှာ ကျွန်တော် တာဝန်ထမ်းဆောင်ခွင့်ရတာ ဂုဏ်ယူတယ်။ ကျွန်တော့်အရည်အချင်းကို ယုံကြည်ပြီး ဒီတာဝန်ကို ပေးတဲ့အတွက် ဂုဏ်ယူဝမ်းသာမိပါတယ်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✱**



သင့်အိမ်မှာသွေးတိုးသမားရှိနေပြီလား
မိသားစုကုန်ကျစရိတ်အလွန်သက်သာစေတဲ့ အစွမ်းထက်တိုင်းရင်းဆေး သွေးတိုးကျဆေး
အာသာဝတီ
(အမှတ်တံဆိပ်)
သွေးတိုးကျဆေး
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 013106 (0118)
တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလိုင်စင်အမှတ်
၁၁/၂၀၁၄-ထဆထလ(တိုး)၀၂၈၂
တိုင်းရင်းဆေးဝါးကြော်ငြာခွင့်ပြုချက်အမှတ်
ထဆဝက(စာနယ်ဇင်း)၀၃၆/၀၅၁၅
၁။ တိုင်းရင်းဆေးပါမောက္ခဆရာကြီး၏ အောင်မြင်သော သုတေသနကို အခြေခံထားသည်။
၂။ Acute Toxicity အဆိပ်အတောက် အာနိသင် ကင်းရှင်းကြောင်း စမ်းသပ်ပြီးဖြစ်သည်။ နိုင်ငံတကာစံချိန်မီ OECD (423) Guide Line ဖြင့်ပြုလုပ်သည်။
၃။ သွေးတိုးကျစေသည့်အပြင် သွေးတိုးကို ပုံမှန်သွေးချိန်တွင် ထိန်းထားနိုင်သည်။ ခေါင်းကြည်လင်ပေါ့ပါးစေခြင်းဖြင့် အလုပ်ခွင်တွင် လန်းဆန်းစွာ လုပ်ကိုင်နိုင်သည်။
၄။ Reference : - Win Naing, paper read at the 4th Traditional Medicine Research Congress. (2013)
- Lab. report, Department of Medical Research (LM)
ဂရိတ်ဇေါ်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်သည်။

# ကြေးမုံ

## အစိုးရနှင့် ဝေဖန်ရေး

အစိုးရပဲဖြစ်ဖြစ်၊ လူတစ်ဦးချင်းဆီမှာပဲဖြစ်ဖြစ် အားသာချက်၊ အားနည်းချက် အထိုက်အလျောက်တော့ ရှိကြမည်ဖြစ်ပါသည်။ အရေးကြီးသည်က အားသာချက်ကို ပိုမိုအားကောင်းအောင်လုပ်ပြီး အားနည်းချက်ကို ပြုပြင်ပြင်ဆင်သည့်နည်းဖြင့် မိမိကိုယ်ကို တစ်နေ့ထက်တစ်နေ့ ပိုမိုမှန်ကန်တိုးတက်လာအောင် မြှင့်တင်ကြရသည်ပင်ဖြစ်သည်။ သည်လို မြှင့်တင်နိုင်ရန် မိမိကိုယ်ကို အမှန်အတိုင်းရှုမြင်နိုင်ရန် အရေးကြီးသည်။ သည့်အတွက် ဝေဖန်ရေးနှင့် ကိုယ့်ကိုယ်ကိုယ် ဝေဖန်ရေး လိုအပ်သည်။

နိုင်ငံရေးပညာရှင်များ၊ နိုင်ငံရေးလေ့လာအကဲခတ်သူများ၊ နိုင်ငံရေးကျွမ်းကျင်သူများ၊ နိုင်ငံရေးလှုပ်ရှားတက်ကြွသူများက ပုံမှန်အားဖြင့်ဆိုလျှင် တာဝန်ယူနေသည့် အာဏာလက်ကိုင်အစိုးရကို အထူးပြုလေ့လာကာ အကဲဖြတ်ဝေဖန်လေ့ရှိကြသည်။

ထို့နောက် အတိုက်အခံနိုင်ငံရေးအင်အားစု။

အတိုက်အခံ နိုင်ငံရေးသမားများ၊ အတိုက်အခံအင်အားစုများဆိုသည်ကလည်း လွှတ်တော်ထဲမှာ သို့မဟုတ် လွှတ်တော်ပြင်ပကနေပြီး အစိုးရကို မျက်လုံးဒေါက်ထောက်ကြည့်ရင်း ယေဘုယျအားဖြင့်ဆိုလျှင် ဝေဖန်ခြင်းတစ်ဖက်၊ ဆန့်ကျင်ကန့်ကွက်ခြင်းတစ်ဖက် ပြုလုပ်နေလေ့ရှိသည်။


အစိုးရတို့ကလည်း ကြိုက်ကြိုက်၊ မကြိုက်ကြိုက် အပြုသဘောဝေဖန်သည်များ၊ အကောင်းကိုရှေးရှုသော ဝေဖန်သည်များကို လက်ခံနားထောင်ပြီး ပြင်းဆန်ရန် လိုအပ်သည်တို့ကို ပြင်းဆန်ဖြေရှင်းခြင်း၊ ပြင်ဆင်ရန်လိုအပ်သည်တို့ကို ပြုပြင်နိုင်ရန် ကြိုးစားခြင်းတို့ဖြင့် တိုင်းပြည်နှင့် ပြည်သူလူထုအကျိုးစီးပွားကို ရှေးရှုကာ အားထုတ်လုပ်ဆောင်ကြရသည်။

သည်လိုအထဲမှာ အမှန်ကန်ဆုံး၊ အထိရောက်ဆုံး ဝေဖန်အကဲဖြတ်နိုင်သူက ပြည်သူလူထုသာဖြစ်သည်။ ထို့ကြောင့်လည်း အချို့သောနိုင်ငံရေးအကဲခတ်သူများနှင့် အစိုးရဆန့်ကျင်သူများက မိမိသဘောထားကို ပြည်သူအများစု၏ သဘောထားယောင်ယောင် တင်ပြလေ့ရှိကြသည်။

မည်သို့ဆိုစေ အမှန်တကယ်ဖြစ်သော ပြည်သူအများစု၏ ဝေဖန်အကဲဖြတ်မှုဆိုသည်က နိုင်ငံရေးမှာ အမြင့်မားဆုံးနှင့် အင်အားအရှိဆုံးဖြစ်လေသည်။ ထို့ကြောင့် ပြည်သူ့အသံကို နားထောင်၊ ပြည်သူ့သဘောထားကို စောကြော၊ ပြည်သူ့ဆန္ဒကို အလေးထားခြင်းတို့သည် အစိုးရနှင့် ပြည်သူ့ကိုယ်စားလှယ်များအတွက် အရေးကြီးဆုံး၊ အဓိကအကျဆုံးသော ပြည်သူ့သစ္စာခံယူမှု ဖြစ်ပေသည်။

နှစ် ၅၀ ကျော် ၆၀ နီးပါး ပြည်သူ့အစိုးရနှင့် ကင်းဝေးခဲ့ရသည့် မြန်မာ့နိုင်ငံရေးအာဏာကို ယနေ့ပြည်သူတို့ ရွေးချယ်တင်မြှောက်သည့် ပြည်သူ့အစိုးရစစ်စစ်တစ်ဖွဲ့က စတင်တာဝန်ယူ အလုပ်လုပ်နေကြပြီဖြစ်သည်။ သည်အစိုးရအဖွဲ့အသစ်ကို ပြည်သူလူထု အများစုကြီးက ယုံကြည်တာဝန်ပေးခဲ့ခြင်းဖြစ်သည်။ သည်တော့ အစိုးရသစ်ကလည်း ပြည်သူလူထု၏ အကျိုးစီးပွားအတွက် ပြည်သူလူထုအများစုကြီး၏ ဝေဖန်အကဲဖြတ်မှုကို နားထောင်မည်သာဖြစ်သည်ဟု ယုံကြည်ရပါသည်။

အစိုးရသစ်အနေဖြင့် ပြည်သူ့ဝေဖန်မှုကို အလေးထားပြီး ပြည်သူကို ဦးဆောင်မှုပေးခြင်းဖြင့် တိုင်းပြည်နှင့် ပြည်သူလူထုအကျိုးကို ထိရောက်အောင် ဆောင်ရွက်နိုင်ပါစေသတည်း။ ။




## သီလဝါစီးပွားရေးဇုန်၌ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဖွင့်လှစ်

**ရန်ကုန် မေ ၁**

သီလဝါအထူးစီးပွားရေးဇုန်ကို အပိုင်းလိုက်ဖော်ဆောင်လျက်ရှိရာ ငွေကြေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ရေးအတွက် သီလဝါအထူးစီးပွားရေးဇုန်တွင် ပထမဆုံး စီဘီဘဏ်ခွဲကို မေ ၁ ရက်တွင် စတင်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။



သီလဝါအထူးစီးပွားရေးဇုန်တွင် စီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ငွေကြေးသုံးစွဲမှုများ အချိန်နှင့်တစ်ပြေးညီ ရယူအသုံးပြုနိုင်ရေးအတွက် ဂျပန်နိုင်ငံ Tokyo Mitsubishi UFI ဘဏ်၏ မိတ်ဖက်အဖြစ် စီဘီဘဏ်က ဘဏ်ခွဲအဖြစ် ဖွင့်လှစ်ကာ ငွေကြေးလုပ်ငန်းများ လုပ်ကိုင်အကောင်အထည်ဖော်ပေးတော့မည်ဖြစ်သည်။

ယခုအခါ ရန်ကုန်စတော့အိတ်ချိန်းတွင် ရှယ်ယာအရောင်းအဝယ်များ စတင်လုပ်ကိုင်နေပြီဖြစ်ရာ သီလဝါအထူးစီးပွားရေးဇုန်မှ အစုရှယ်ယာများ ရောင်းချမည့်အစီအစဉ်များလည်း ရှိလာတော့မည်ဖြစ်သည်။ သီလဝါအထူးစီးပွားရေးဇုန်တွင် စီးပွားရေးလုပ်ငန်းများစွာ ရှိနေရာ ငွေကြေးလုပ်ငန်းများကို ဝန်ဆောင်မှုပေးသွားရန် ဖွင့်လှစ်ခြင်းဖြစ်သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်၊ စီဘီဘဏ်မှ CEO ဦးကျော်လင်း၊ သီလဝါစီးပွားရေးဇုန်မှ တာဝန်ရှိသူများနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

(ကြေးမုံ)

❑

## အနောက်ဘက်မှ လေပွေလှိုင်းကြောင့် မြန်မာနိုင်ငံတွင် မိုးအဆက်မပြတ်ရွာသွန်းရန်ရှိ

**နေပြည်တော် မေ ၁**

အနောက်ဘက်မှ လေပွေလှိုင်းများသည် အိန္ဒိယနိုင်ငံမြောက်ပိုင်းမှတစ်ဆင့် အနောက်မှ အရှေ့သို့ ရွေ့လျားလာခြင်းကြောင့် မြန်မာနိုင်ငံမြောက်ပိုင်းသို့ ရောက်ရှိကာ လက်ရှိတွင် ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ် (မြောက်ပိုင်း)တို့တွင် ကြီးမားသည့် တိမ်စိုင်ကြီးများဖြစ်ပေါ်ကာ မိုးရွာသွန်းမှုများပင်ဖြစ်ပေါ်လျက်ရှိသည်။

အဆိုပါ လေပွေလှိုင်းများကြောင့် မြန်မာနိုင်ငံမြောက်ဖျားပိုင်းဒေသများတွင် မကြာခဏမိုးရွာသွန်းမှုများ ဖြစ်ပေါ်တတ်ပြီး ပြီးခဲ့သည့်နှစ်မတ်လအတွင်းကလည်း ယခုကဲ့သို့ လေပွေလှိုင်းများဖြစ်ပေါ်ကာ မိုးရွာသွန်းမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

မိုးရွာသွန်းမှုဖြစ်ပေါ်ခြင်းသည် အနည်းဆုံးနှစ်ရက်မှ သုံးရက်အထိ ကြာမြင့်ဦးမည်ဖြစ်ပြီး လာမည့်ရက်ပိုင်းအတွင်း မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် မိုးရွာသွန်းမှုများဖြစ်ပေါ်နိုင်ကြောင်း၊ မြစ်ငယ်မြစ်နှင့် ဧရာဝတီမြစ်တို့သည် မြန်မာနိုင်ငံမြောက်ဖျားပိုင်းမှ မြစ်ဖျားခံ၍ စီးဆင်းလာခဲ့ခြင်းဖြစ်သောကြောင့် ဧရာဝတီမြစ်အထက်ပိုင်းတွင် မြစ်ရေကြီးမှုများပင်ဖြစ်ပေါ်နိုင်ကြောင်း၊ အဆက်မပြတ်မိုးရွာသွန်းမှုအပြင် မြစ်ရေကြီးမှုများလည်း ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

လက်ရှိတွင် အလျားမိုင် ၃၆၀ ကျော်နှင့် အနံ ၂၇၇ မိုင်ရှိ တိမ်ထုကြီးသည် မြန်မာနိုင်ငံအတွင်းသို့ ၈၀ ရာခိုင်နှုန်းအထိဝင်ရောက်လျက်ရှိပြီး ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မိုးရေအများဆုံးရရှိနိုင်ကာ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် နေရာအတော်များများ၌ မိုးရွာသွန်းနိုင်သည့် အခြေအနေ ဖြစ်ပေါ်နေသည့်အပြင် မိုင် ၄၀ မှ မိုင် ၆၀၀ ရှိ ရေငွေ့တန်းကြီးကလည်း ၅၀ ရာခိုင်နှုန်းအထိ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်နိုင်ကြောင်းနှင့် သိပ်သည်းဆနည်းသောကြောင့် အန္တရာယ်မရှိနိုင်ကြောင်း မိုးလေဝသပညာရှင် ဦးဌေးတင့်က ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှတစ်ဆင့် ဖော်ပြထားသည်။

**(ငွေကြယ်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဇင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါ်ဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် မေ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ဒီမိုကရေစီပညာရေးပြုပြင်ပြောင်းလဲဖို့ အစိုးရသစ်ဖော်ဆောင်နိုင်မည်ဟု မျှော်လင့်

မော်လေး



ဒီမိုကရေစီ ပညာရေးသပိတ်စစ်ကြောင်းကို ထောက်ခံကြောင်း ဆန္ဒထုတ်ဖော်မှုဖြင့် မေ ၁ ရက်က ပန်းဘဲတန်းတရားရုံးတွင် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ ကျောင်းသားခေါင်းဆောင်များဖြစ်သော ကိုနန္ဒာစစ်အောင်၊ မဖြိုးဖြိုးအောင်နှင့် ကိုကျော်ကိုကို တို့ကို ရုံးထုတ်ခဲ့သည်။ ထိုဖမ်းဆီးခံ ကျောင်းသားခေါင်းဆောင်များနှင့် ဒီမိုကရေစီပညာရေး ပြုပြင်ပြောင်းလဲမှုနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းထားသည်များကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**ကိုနန္ဒာစစ်အောင်**

အစိုးရသစ်က ပြည်သူရဲ့အပြောင်းအလဲ မျှော်လင့်ချက်ကိုဦးဆောင်ပြီး ဒီမိုကရေစီ ဖက်ဒရယ်နိုင်ငံထူထောင်ရေးကို လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့လိုပါတယ်။

ဒေါ်အောင်ဆန်းစုကြည် အနေနဲ့ နိုင်ငံတော်အတိုင်ပင်ခံလုပ်တာ ကောင်းပါတယ်။ နိုင်ငံတကာအတွေ့အကြုံလည်းရှိ၊ ကောင်းမွန်ရင့်ကျက်တဲ့ ကိုယ်ရည်ကိုယ်သွေးလည်းရှိ၊ နိုင်ငံရဲ့ဒီမိုကရေစီရေး မျှော်လင့်ချက် ခေါင်းဆောင်လည်းဖြစ်တော့ သမ္မတအနေနဲ့ နိုင်ငံတော်အတွက်အကျိုးရှိတဲ့တာဝန်ယူမှုပါ။ အသက်အရွယ်နဲ့ တာဝန်ယူထားတဲ့အလုပ်တွေအတွက်တော့ စိတ်ပူပါတယ်။

လေးပွင့်ဆိုင်ဆွေးနွေးပွဲ ဆက်လက်အကောင်အထည်ဖော်ပေးရေး ကျောင်းသားထု တောင်းဆိုမှုကို လက်ခံလိမ့်မယ်ထင်ပါတယ်။ ဒါကြောင့် ကျောင်းသားထုရဲ့ ကျောင်းသားသမဂ္ဂအိပ်မက်နဲ့ ဒီမိုကရေစီပညာရေးမျှော်လင့်ချက်ကို အကောင်အထည်ဖော်နိုင်ဖို့ ကျောင်းသားသမဂ္ဂတွေကို ပူးပေါင်းဆောင်ရွက်ဖို့ ဖိတ်ခေါ်လိမ့်မယ်ထင်ပါတယ်။ ဒီမိုကရေစီနိုင်ငံထူထောင်ဖို့ ဒီမိုကရေစီပညာရေး ပြုပြင်ပြောင်းလဲမှုဟာ အခြေခံကျပြီး ရေရှည်ဖွံ့ဖြိုးရေးဦးတည်ကြောင်း နားလည်နိုင်တဲ့သူပဲဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ ၁၉၈၈ ကတည်းက ကျောင်းသားသမဂ္ဂတွေနဲ့တွဲပြီး တစ်ဆက်တစ်စပ်တည်း စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး၊ ဒီမိုကရေစီရေး တိုက်ပွဲဝင်ခဲ့သူလည်းဖြစ်တယ်။ ကျောင်းသားခေါင်းဆောင် ကိုအောင်ဆန်းရဲ့ သမီးလည်းဖြစ်တော့ ကျောင်းသားသမဂ္ဂရဲ့ ကျောင်းသားထုသမိုင်းအမွေကို နားလည်နိုင်သူလည်းဖြစ်တယ်။

“ **လေးပွင့်ဆိုင်ဆွေးနွေးပွဲ ဆက်လက်အကောင်အထည်ဖော်ပေးရေး ကျောင်းသားထုတောင်းဆိုမှုကို လက်ခံလိမ့်မယ်ထင်ပါတယ်။ ဒါကြောင့် ကျောင်းသားထုရဲ့ ကျောင်းသားသမဂ္ဂအိပ်မက်နဲ့ ဒီမိုကရေစီပညာရေးမျှော်လင့်ချက်ကို အကောင်အထည်ဖော်နိုင်ဖို့၊ ကျောင်းသားသမဂ္ဂတွေကို ပူးပေါင်းဆောင်ရွက်ဖို့ ဖိတ်ခေါ်လိမ့်မယ်ထင်ပါတယ်။ ဒီမိုကရေစီနိုင်ငံထူထောင်ဖို့ ဒီမိုကရေစီပညာရေး ပြုပြင်ပြောင်းလဲမှုဟာ အခြေခံကျပြီး ရေရှည်ဖွံ့ဖြိုးရေးဦးတည်ကြောင်း နားလည်နိုင်တဲ့သူပဲဖြစ်ပါတယ်။**

အကျပ်အတည်းကတော့ ရှိပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကာလုံရဲ့ ခွင့်ပြုမှုလိုအပ်တာကိုး။ အဲဒီတော့ စစ်ဘက်က သဘောထားတင်းမာရင် ၂၀၀၈ ဖွဲ့စည်းပုံအရ အခြားဘယ်လိုနည်းသုံးပြီး လွတ်နိုင်မလဲဆိုတာ အစိုးရသစ်က လုပ်နည်းလုပ်ဟန် ရှာရလိမ့်မယ်ထင်ပါတယ်။

**မဖြိုးဖြိုးအောင်**

ကျွန်မတို့တောင်းဆိုတဲ့ အချက်တွေကတော့ ပညာရေး လွတ်လပ်ခွင့်ကို အခြေခံပြီးတော့ ဒီမိုကရေစီပညာရေးကို တောင်းဆိုထားတာပါ။

တိုင်းပြည်တစ်ခုမှာ ဒီမိုကရေစီကို တကယ်သွားတော့မယ်ဆိုရင် ဒီတိုင်းပြည်ထဲမှာ ဒီမိုကရေစီပညာရေးစနစ်ကို အခြေခံတဲ့ ပညာရေးမျိုးဖြစ်မှသာလျှင် တကယ်ကို ဒီမိုကရေစီခိုင်မာတဲ့ တိုင်းပြည်မျိုးအဖြစ် ရေရှည်သွားနိုင်မှာပါ။ ပညာရေးကို ရင်းနှီးမြှုပ်နှံနိုင်မှသာလျှင် တိုင်းပြည်ကအခြေခိုင်နိုင်မယ်လို့ ကျွန်မတို့ကမြင်ပါတယ်။ ကျွန်မတို့ ပညာရေးနဲ့ပတ်သက်ပြီး လှုပ်ရှားမှုတွေ လုပ်ခါစအချိန်က ဗ.က.သ ဗဟိုကော်မတီဝင်တစ်ဦးက ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပညာရေးနဲ့ ပတ်သက်တဲ့ မိန့်ခွန်းတွေ၊ အင်တာဗျူးတွေကို မြန်မာဘာသာပြန်ပြီးတော့ အခွေလုပ်ထားတာလေးရှိပါတယ်။ အဲ့ဒီတုန်းက သူ့ရဲ့ ပညာရေးအပေါ်မှာထားတဲ့ သဘောထားတွေ၊ မူဝါဒတွေကိုလည်း ကျွန်မတို့ အကြမ်းဖျင်းတွေ့ရပါတယ်။ ဒီမှာ ပညာရေးက တိုင်းပြည်အတွက် တကယ်အရေးကြီးတယ်ဆိုတာကို သူကိုယ်တိုင် ယုံကြည်ထားတယ်ဆိုတာကိုလည်း တွေ့ရပါတယ်။ အခုက အစိုးရသစ်မှာလည်း အရေးကြီးတဲ့ ပညာရေးကို ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ဝန်ကြီးနေရာကို ယူထားပြီး ကိုင်တွယ်ထားတာကို တွေ့ရတယ်။ အဲဒီတော့ ကျွန်မတို့အနေနဲ့ ပညာရေးမူဝါဒတွေနဲ့ ပတ်သက်ပြီးတော့ ကြီးကြီးမားမား ကွာဟချက်မရှိလောက်ဘူးလို့ယူဆပါတယ်။ အကြမ်းဖျင်းအားဖြင့်တော့ မတူတာတွေတော့ ရှိကောင်းရှိမှာပါ။ ဥပမာအားဖြင့်ဆိုရင် ပညာရေးနဲ့ပတ်သက်ပြီး ဗဟိုချုပ်ကိုင်မှုကို လျှော့ချဖို့ ကျွန်မတို့တောက်လျှောက်တောင်းဆိုတဲ့နေရာမှာ NLD ရဲ့ မူဝါဒထဲမှာကျတော့ အထိုက်အလျောက် ဗဟိုချုပ်ကိုင်မှုစနစ်ကိုထားဖို့ မူဝါဒချထားတာကို တွေ့ရပါတယ်။ ဒါမျိုးလေးတွေတော့ရှိပါတယ်။ ဒါပေမယ့် ဒါတွေကိုလည်း ကျွန်မတို့ နှစ်ဖက်လုံးက စိတ်ရှည် လက်ရှည်နဲ့ ဆွေးနွေးညှိနှိုင်းဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။ လက်တွေ့ အကောင်အထည်ဖော်တဲ့နေရာမှာ ပိုပြီးတော့ အဆင်ပြေတဲ့ နည်းမျိုး၊ ပုံစံမျိုးနဲ့ပါ။ အဓိကအရေးကြီးဆုံးက အစိုးရသစ်မှာ ဒေါ်အောင်ဆန်းစုကြည်က ပညာရေးဝန်ကြီးနေရာကို ကိုင်တွယ်မယ်၊ ဒီတော့ အရင်ဦးသိန်းစိန်အစိုးရနဲ့ကျောင်းသားတွေ၊ NNER လိုပညာရှင်တွေပါတဲ့ အရပ်ဘက်အဖွဲ့အစည်းတွေပါမယ်။ လွှတ်တော်ပါမယ်။ လေးပွင့်ဆိုင်ဆွေးနွေးပွဲပါ။ ဒီလေးပွင့်ဆိုင် ဆွေးနွေးပွဲကနေ သဘောတူထားတဲ့ အချက်တွေရှိပါတယ်။ ဒါကိုအစိုးရသစ်အထူးသဖြင့် ပညာရေးဝန်ကြီးသစ်က ဒီလေးပွင့်ဆိုင် ကတိကဝတ် တွေကို ဆက်ပြီးတော့ အကောင်အထည်ဖော်ပေးဖို့ ကိစ္စကလည်း ကျွန်မတို့အတွက် မဖြစ်မနေတောင်းဆိုရမယ့် ကိစ္စတစ်ခုလို ပါဝင်လာပါပြီ။ လေးပွင့်ဆိုင်ထဲမှာက လတ်တလော ကျွန်မတို့သပိတ်က ဖမ်းဆီးထိန်းသိမ်းခံထားရတဲ့ ကိစ္စတွေနဲ့ ပတ်သက်လို့ရော၊ ရေရှည်မှာ ပြုပြင်ပြောင်းလဲမှုတွေနဲ့ ပတ်သက်တဲ့ ကျောင်းသားထုတွေရဲ့ တောင်းဆိုမှုတွေ ဒီအထဲမှာတစ်ပါတည်း ပါဝင်တာဖြစ်တဲ့အတွက် လေးပွင့်ဆိုင် သဘောတူညီမှုကို ဆက်ပြီးအကောင်အထည်ဖော်ဖို့ကလည်း အစိုးရသစ်နဲ့ ပညာရေးဝန်ကြီးသစ် ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ အထူးဂရုပြုဆောင်ရွက်ပေးဖို့ ကျွန်မပြောချင်ပါတယ်။

ဒီမိုကရေစီတိုင်းပြည်ကို တကယ်ကူးပြောင်းပြီဆိုရင် နိုင်ငံရေးအကျဉ်းသားဆိုတာ လုံးဝမရှိသင့်ဘူးဆိုတာ ဒီမိုကရေစီလိုလားသူတွေ အားလုံးစိတ်ထဲမှာ ရှိထားပြီးသား အရာတစ်ခုဖြစ်ပါတယ်။ ဒီနိုင်ငံရေးအကျဉ်းသား လွတ်မြောက်ရေးတင်မကပါဘူး။ ကျွန်မသဘောထားကတော့ အကျဉ်းထောင်တွေထဲက နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးဖို့အပြင် နောက်ထပ် နိုင်ငံရေးသမားတွေ အဖမ်းမခံရဖို့ကလည်း အင်မတန်မှ အရေးကြီးတယ်လို့မြင်ပါတယ်။ ဒီတော့ လွှတ်တော်ထဲမှာရှိနေတဲ့ ၇၅ ရာခိုင်နှုန်းသော လွှတ်တော်ကိုယ်စားလှယ်တွေက နိုင်ငံရေးအကျဉ်းသားတွေကို အလွယ်တကူ ဖိနှိပ်လို့ရတဲ့ ဥပဒေတွေကို ဖျက်သိမ်းတဲ့နည်းလမ်းမျိုးကို ပိုပြီးတော့ ရွေးချယ်စေချင်တယ်။ ဒါမှ အာမခံချက်ရှိတဲ့၊ အခြေခိုင်တဲ့ ဒီမိုကရေစီနိုင်ငံဖြစ်လာနိုင်မယ်လို့ မြင်တယ်။ ဒီလိုဥပဒေတွေကို ပြင်မယ်၊ ဖျက်မယ်။ တစ်ဖက်မှာလည်း တရားဥပဒေစိုးမိုးမှုတွေ ရှိလာမယ်ဆိုရင် နိုင်ငံရေးအကျဉ်းသားပြဿနာက ပြေလျော့လာလိမ့်မယ်လို့ ကျွန်မထင်ပါတယ်။

**ကိုကျော်ကိုကို**

ကျွန်တော်ကတော့ ပညာရေးဝန်ကြီးသစ်ကို လေးပွင့်ဆိုင် သဘောတူညီချက်တွေကို အကောင်အထည်ဖော်ပေးပါလို့ပဲ တောင်းဆိုချင်ပါတယ်။ နိုင်ငံရေးအကျဉ်းသားလွှတ်ဖို့ကတော့ သူတို့မှာ အစီအစဉ်ရှိပြီးသားဖြစ်မယ်လို့ ထင်ပါတယ်။ ။

## ရေဝေး

(ညနေ ၅ နာရီ)

၂၄ ၄ ၂၀၁၄

လူလဲပျောက်ပြီ

ဂူထဲရောက်ပြီ

မတူလဲမကောက်နဲ့

အယူလဲမဖောက်နဲ့

ကိုင်း

အတူတွဲ လျှောက်စို့ရဲ့ . . .

ကိုလေး(အင်းဝဂုဏ်ရည်)



**“ကျွန်မဘက်က ရဲကိုပြန်ပြီးတရားစွဲတာဟာ သူတို့ကိုနစ်နာစေချင်လို့ မဟုတ်ပါဘူး။ အမှန်တရားကို ဖော်ထုတ်ချင်လို့ပါ”**

**“တာဝန်ရှိတဲ့သူတွေမှာ တာဝန်ယူ၊ တာဝန်ခံစိတ်ရှိမှ တရားဥပဒေစိုးမိုးလာမှာဖြစ်တယ်”**

**နီလာသိန်း**

# နျူကလီးယားလုံခြုံရေး ထိပ်သီးညီလာခံ ကမ္ဘာ့နိုင်ငံပေါင်း ၅၀ ကျော်မှ ခေါင်းဆောင်များ တက်ရောက်



**ဝါရှင်တန် မေ ၁**

နျူကလီးယား လုံခြုံရေး ထိပ်သီးညီလာခံကို အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီတွင် ကျင်းပလျက်ရှိကြောင်း၊ သမ္မတ ဘားရက်အိုဘားမားက အိမ်ရှင်အဖြစ် လက်ခံကျင်းပသော အဆိုပါညီလာခံသို့ ကမ္ဘာ့နိုင်ငံပေါင်း ၅၀ ကျော်မှ ခေါင်းဆောင်များ တက်ရောက်ကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

နျူကလီးယား လုံခြုံရေး ထိပ်သီးညီလာခံသည် နျူကလီးယားလုံခြုံရေးဆိုင်ရာ စတုတ္ထအကြိမ်ကျင်းပသည့် နိုင်ငံတကာ အစည်းအဝေးဖြစ်ပြီး သမ္မတ အိုဘားမားအတွက် ၎င်း၏ရာထူးသက်တမ်းအတွင်း နောက်ဆုံးအကြိမ်ကျင်းပသော နျူကလီးယားဆိုင်ရာ ညီလာခံလည်းဖြစ်သည်။ သမ္မတ အိုဘားမားသည် ၎င်း၏ ရာထူးသက်တမ်းကုန်ဆုံးသည်အထိ နောက်ထပ် ၁၀ လမျှသာ တာဝန်ထမ်းဆောင်ရန် ကျန်ရှိတော့သည်။

နျူကလီးယား လုံခြုံရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေးကို သမ္မတ အိုဘားမားက ၎င်း၏ နိုင်ငံခြားရေးမူဝါဒတွင် ထိပ်တန်း ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် သတ်မှတ်ထားသည်။

အမေရိကန်က အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပသော အဆိုပါညီလာခံသို့ ရုရှားသမ္မတ ဗလာဒီမာပူတင်မတက်ရောက်ဘဲ သပိတ်မှောက်သည်။ အမေရိကန်နှင့်ရုရှားတို့အကြား တင်းမာမှုမြင့်မားနေချိန်အတွင်း အမေရိကန်လွှမ်းမိုးသော ညီလာခံတက်ရောက်ရန် သမ္မတပူတင်အနေဖြင့် ဆန္ဒရှိပုံမရှိကြောင်း သတင်းတွင်ဖော်ပြသည်။

မကြာသေးမီက ဘယ်လ်ဂျီယံနိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်မှု ပေါ်ပေါက်ခဲ့ခြင်းကြောင့် နျူကလီးယားအကြမ်းဖက်မှု ပြဿနာကို အဓိကပြုဆွေးနွေးရန် ဆွေးနွေးပွဲအစီအစဉ်တွင် သတ်မှတ်ထားသည်။

အိုင်အက်စ်စစ်သွေးကြွအဖွဲ့သည် နောင်တစ်ချိန်ချိန်တွင် နျူကလီးယားစက်ရုံများကို ပစ်မှတ်ထားတိုက်ခိုက်လာနိုင်ပြီး ရေဒီယိုသတ္တိကြွစေနိုင်သော ဗုံးများကို ပြုလုပ်လာဖွယ်ရှိသည်ဟု လုံခြုံရေး ကျွမ်းကျင်သူများက ပြောကြားကြသည်။

**ရိုက်တာ။**

# တူရကီနိုင်ငံ ဒီယာဘာကီမြို့တွင် ကားဗုံးကွဲ၊ ရဲအရာရှိ ခုနစ်ဦးသေဆုံး

**အန်ကာရာ မေ ၁**

တူရကီနိုင်ငံအရှေ့တောင်ဘက် ဒီယာဘာကီမြို့တွင် မေ ၁ ရက်က ကားဗုံးတစ်လုံး ပေါက်ကွဲခဲ့ရာ အနည်းဆုံး ရဲအရာရှိ ခုနစ်ဦးသေဆုံးခဲ့ပြီး လူ ၂၀ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းများအရသိရသည်။

ရဲအရာရှိများတင်ဆောင်လာသောမော်တော်ယာဉ်တစ်စီးသည် မြို့တော်ရှိ ကားရပ်နားရာ နေရာတစ်ခုတွင် ရပ်တန့်ထားသော ကားတစ်စင်းအနီးသို့ ရောက်ရှိခဲ့သည့်အချိန်တွင် အဆိုပါရပ်တန့်ထားသောကားသည် ရုတ်တရက် ပေါက်ကွဲခဲ့ကြောင်း ဒေသန္တရ မီဒီယာများက ဆိုသည်။

မည်သည့်အဖွဲ့အစည်းက အဆိုပါဖြစ်ရပ်ကို ကျူးလွန်ခဲ့ကြောင်း ယခုအချိန်ထိ ထုတ်ဖော်ပြောကြားခြင်း မရှိသေးပေ။ သို့သော် ဒေသန္တရမီဒီယာများက ကာ့ဒ်လက်နက်ကိုင်အဖွဲ့ကို ပြစ်မှုကျူးလွန်သည်ဟု ထင်ကြေးပေးကြသည်။

တူရကီအစိုးရက အကြမ်းဖက်သမားများဟု သတ်မှတ်ထားသော ကာ့ဒ်စစ်သွေးကြွများကို တူရကီစစ်တပ်က ဒီယာဘာကာမြို့တွင် သုတ်သင်ချေမှုန်းလျက်ရှိသည်။ ယခုကားဗုံးခွဲတိုက်ခိုက်မှုသည် ကာ့ဒ်စစ်သွေးကြွများ၏ လက်တုံ့ပြန်မှုတစ်ရပ် ဖြစ်နိုင်ဖွယ်ရှိကြောင်း မီဒီယာများကဆိုသည်။

မတ် ၃၁ ရက်က ဒေသဖွံ့ဖြိုးရေးဝန်ကြီးနှင့် အခြားသောဝန်ကြီးနှစ်ဦးတို့သည် ဒီယာဘာကာမြို့သို့ လာရောက်လည်ပတ်ခဲ့သည်။ ဝန်ကြီးချုပ် အာမက် ဒါဗူတိုလုက မေ ၁ ရက်တွင် အဆိုပါမြို့သို့ အလည်အပတ်ခရီးရောက်ရှိခဲ့သည်။ ယခုကားဗုံးခွဲမှုသည် ဝန်ကြီးချုပ်၏ခရီးစဉ်ကို ရည်ရွယ်ပြီး စစ်သွေးကြွများက ချိန်ကိုက်ဗုံးထောင်ထားခြင်းဖြစ်သည်ဟု ဒေသခံများက ထင်မြင်ယူဆကြသည်။

ကာ့ဒ်စစ်သွေးကြွများက တူရကီနိုင်ငံတွင် ဗုံးအများအပြားဖောက်ခွဲပြီးဖြစ်သည်ဟု ယုံကြည်ရသည်။ လွန်ခဲ့သောလက အန်ကာရာမြို့တွင် ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် လူပေါင်း ၃၇ ဦးသေဆုံးခဲ့ရပြီး ဖေဖော်ဝါရီလတွင် တူရကီစစ်သားများအား ပစ်မှတ်ထား တိုက်ခိုက်ခဲ့သော ဗုံးပေါက်ကွဲမှုကြောင့် လူပေါင်း ၂၉ ဦးသေဆုံးခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**



# တရုတ်နိုင်ငံ၌ စေတနာအလျောက် ကိုယ်ခန္ဓာအစိတ်အပိုင်း လှူဒါန်းသူ များပြား

**ပေကျင်း မေ ၁**

၂၀၁၀ ခုနှစ်တွင် တရုတ်နိုင်ငံ၌ စေတနာအလျောက် ကိုယ်ခန္ဓာအစိတ်အပိုင်းများလှူဒါန်းခြင်းကို စတင်ကျင့်သုံးချိန်ကတည်းက တရုတ်လူမျိုးကိုယ်ခန္ဓာအစိတ်အပိုင်း လှူဒါန်းသူ များပြားလာလျက်ရှိကြောင်း သိရသည်။

မတ် ၂၀ ရက်မှစတင်၍ စေတနာအလျောက် ကိုယ်ခန္ဓာအစိတ်အပိုင်းများလှူဒါန်းသူ ၆၆၀၀၀ ကျော်အထိရှိကြောင်း တရုတ်နိုင်ငံက မှတ်တမ်းတင်ထားပြီး ၎င်းတို့အနက် ၆၆၂၄ ဦးက ကိုယ်ခန္ဓာအစိတ်အပိုင်းများ လှူဒါန်းခဲ့ပြီး လူပေါင်း ၁၈၀၀၀ နီးပါး၏အသက်ကို ကယ်တင်နိုင်ခဲ့ကြောင်း ပြည်သူ့နေ့စဉ်သတင်းစာက မေ ၁ ရက်တွင် ရေးသားဖော်ပြသည်။ တရုတ်နိုင်ငံတွင် စေတနာအလျောက် ကိုယ်ခန္ဓာအစိတ်အပိုင်းများ လှူဒါန်းမှုကို ၂၀၁၀ ခုနှစ်တွင် အစမ်းသဘောစတင်ကျင့်သုံးခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် အဆိုပါအလေ့အထကို နိုင်ငံတစ်ဝန်း အားပေးကျင့်သုံးခဲ့ကြောင်းသိရသည်။

ယခုအချိန်တွင် တရုတ်နိုင်ငံသည် အာရှတိုက်၏ နှစ်အလိုက် ကိုယ်ခန္ဓာအစိတ်အပိုင်းများလှူဒါန်းမှု စံချိန်စံညွှန်း... 

စစ်တမ်းတစ်ရပ်တွင် ထိပ်တန်းအဆင့်ရှိကြောင်း အမျိုးသားကျန်းမာရေးနှင့် မိသားစုစီမံကိန်းကော်မရှင် (NHFPC) ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဝန်ဖေအန်းက ပြောကြားသည်။

၂၀၁၅ ခုနှစ်အတွင်း စေတနာရှင် ၂၇၆၆ ဦးက ကိုယ်ခန္ဓာအစိတ်အပိုင်းများ လှူဒါန်းခဲ့ပြီး ၇၇၈၅ ဦးက အကြီးစားကိုယ်ခန္ဓာအစိတ်အပိုင်းများ လှူဒါန်းခဲ့သည်ဟု NHFPC မှ စာရင်းအင်းများက ပြသနေသည်။ ကိုယ်ခန္ဓာအစိတ်အပိုင်းများ လှူဒါန်းမှုအရေအတွက်မှာ ၂၀၁၃ နှင့် ၂၀၁၄ ခုနှစ်များက လှူဒါန်းမှုထက် ပိုမိုများပြားလျက်ရှိသည်။

၂၀၁၅ ခုနှစ်အတွင်း ဆရာဝန်များက နိုင်ငံတစ်ဝန်း ကိုယ်ခန္ဓာအစိတ်အပိုင်းများ အစားထိုးခွဲစိတ်ကုသမှု အကြိမ် ၁၀၀၀၀ ကျော် ဆောင်ရွက်ခဲ့ပြီး ကိုယ်ခန္ဓာအစိတ်အပိုင်းများ၏ ၇၄ ရာခိုင်နှုန်းကို စေတနာအလျောက်လှူဒါန်းသူများထံမှ အစားထိုးခွဲစိတ်ကုသခဲ့ပြီး ၂၇ ရာခိုင်နှုန်းကို ဆွေမျိုးသားချင်းများထံမှ ခွဲစိတ်ကုသပေးခဲ့ခြင်းဖြစ်သည်။ ကိုယ်ခန္ဓာအစိတ်အပိုင်းများလှူဒါန်းသူအရေအတွက် များပြားလာသော်လည်း သေဆုံးပြီးနောက် ကိုယ်ခန္ဓာအစိတ်အပိုင်းများဖယ်ရှားခြင်းမှာ လူသေအလောင်းကို မတော်မလျော်ပြုခြင်းဖြစ်သည်ဆိုသော ရိုးရာယုံကြည်မှုကြောင့် ကိုယ်ခန္ဓာအစိတ်အပိုင်းများလှူဒါန်းမှု တိုးမြှင့်လုပ်ဆောင်ရာတွင် တရုတ်နိုင်ငံသည် ကြီးမားသောအခက်အခဲတစ်ရပ်ကို ကြုံတွေ့နေရဆဲဖြစ်သည်။

**ဆင်ဟွာ။**

# တရုတ်နှင့်ဟောင်ကောင် ရဲတပ်ဖွဲ့များ ပူးပေါင်း၍ တရားမဝင် ဝင်ရောက်သူ ၃၀၀၀ နီးပါးကို ဖမ်းဆီး

**ပေကျင်း မေ ၁**

တရုတ်နှင့် ဟောင်ကောင်တို့မှ ရဲတပ်ဖွဲ့များသည် လူမှောင်ခိုကူးမှုတိုက်ဖျက်ရေး ပူးပေါင်းစစ်ဆင်ရေး လုပ်ငန်းဆောင်ရွက်ရာတွင် တရားမဝင် ဝင်ရောက်ရွှေ့ပြောင်းလာသူ ၂၉၇၃ ဦးကို ဖမ်းဆီးရမိကြောင်း တရုတ်ပြည်သူ့ လုံခြုံရေးဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်သည်။

ဖမ်းဆီးရမိသူများတွင် အရှေ့တောင်အာရှ နိုင်ငံများမှ တရားမဝင် ရွှေ့ပြောင်းဝင်ရောက်လာသူ ၂၈၆၀ နှင့် တောင်အာရှဒေသမှ ၈၃ ဦးပါဝင်ကြောင်း ကွမ်တုန်ပြည်နယ် ရှင်ကျန်းမြို့၌ ကျင်းပသော ယင်းဝန်ကြီးဌာန၏ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

တရားမဝင် ဝင်ရောက်လာသူအများစုသည် တရုတ်ပြည်မကြီးမှတစ်ဆင့် ဟောင်ကောင်သို့ ဝင်ရောက်ကာ အလုပ်အကိုင်ရှာဖွေနိုင်ရေးအတွက် ကြိုးပမ်းသူများဖြစ်သည်။ ဟောင်ကောင်နှင့် တရုတ်ရဲတပ်ဖွဲ့တို့၏ ၁၇ လတာ လူမှောင်ခိုဖြိုခွင်းမှုစစ်ဆင်ရေးကို ယခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် စတင်ခဲ့ခြင်းဖြစ်သည်။ ကွမ်တုန်၊ ကွမ်ရှီးနှင့် ယူနန်ပြည်နယ်တို့မှ ရဲတပ်ဖွဲ့များသည် နယ်စပ်ဖြတ်ကျော် လူမှောင်ခိုထုတ်သည့်ဂိုဏ်းများကို ဟောင်ကောင်ရဲအဖွဲ့၏ အကူအညီဖြင့် ဖြိုခွင်းခဲ့ကြောင်း တရုတ်ပြည်သူ့လုံခြုံရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လူမှောင်ခိုကူးလုပ်ငန်းသုံးခုမှ သံသယမကင်းခံရသူ ၁၄၂ ဦးကို တရုတ်ရဲတပ်ဖွဲ့ကဖမ်းဆီးထားပြီး ယင်းတို့အထဲမှ ၂၉ ဦးမှာ အရှေ့တောင်အာရှနှင့် တောင်အာရှနိုင်ငံများမှ ဖြစ်သည်။ နယ်စပ်ဖြတ်ကျော် လူမှောင်ခိုကူးသူများက အလုပ်အကိုင်များရရှိမည်ဟု သွေးဆောင်စည်းရုံးခဲ့ကြောင်း တရုတ်ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ပါရှိသည်။

**ဆင်ဟွာ။**

# ဆူနာမီရေလှိုင်းအန္တရာယ်မှကာကွယ်နိုင်ရေး နျူစက်ရုံ၌ ကြီးမားသည့်တံတိုင်းနံရံတည်ဆောက်

**ရှီဇိုအိုကာ (ဂျပန်) မေ ၁**

ဂျပန်နိုင်ငံအလယ်ပိုင်း ရှီဇိုအိုကာစီရင်စုရှိ မိမိတို့၏ နျူကလီးယားဓာတ်အားပေးစက်ရုံကို ဆူနာမီရေလှိုင်းဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ရေးအတွက် ကြီးမားလှသည့် တံတိုင်းနံရံတစ်ခုတည်ဆောက်မှုမှာ ပြီးစီးသွားပြီဖြစ်ကြောင်း ချူဘူလျှပ်စစ်ဓာတ်အားကုမ္ပဏီက ပြောကြားသည်။

ဂျပန်နိုင်ငံ၌ အင်အားပြင်းထန်သော မြေငလျင်လှုပ်နိုင်ဖွယ်ရှိသည်ဟု သိပ္ပံပညာရှင်များက ဟောကိန်းထုတ်မှုကြောင့် ဟာမာအိုကာနျူကလီးယား လျှပ်စစ်ဓာတ်အားပေးစက်ရုံကို မြေငလျင်ကြောင့်ဖြစ်သော ဆူနာမီရေလှိုင်းရိုက်ခတ်မှုဘေးအန္တရာယ်မှ ကာကွယ်နိုင်ရန် တံတိုင်းနံရံကြီးတစ်ခုကို တည်ဆောက်ခြင်းဖြစ်ကြောင်း အဆိုပါကုမ္ပဏီက ပြောကြားသည်။

ပင်လယ်ရေမျက်နှာပြင်အထက် ၂၂ မီတာ၌တည်ရှိနေသော ဆူနာမီရေလှိုင်းကာတံတိုင်းသည် ၁ ဒသမ ၆ ကီလိုမီတာအရှည်ရှိသည်။ ၂၀၁၁ ခုနှစ် နိုဝင်ဘာတွင် တံတိုင်းနံရံကို စတင်တည်ဆောက်ခဲ့သည်။ ဂျပန်နိုင်ငံ ဖူကူရှီးမားဒိုင်အိချိ နျူကလီးယားဓာတ်အားပေးစက်ရုံ၌ ၂၀၁၁ ခုနှစ် မတ်လက ဆူနာမီရေလှိုင်း ရိုက်ပုတ်မှုကြောင့် ဓာတ်ပေါင်းဖိုပျက်စီးခဲ့ရသည့် ဖြစ်ရပ်ပေါ်ပေါက်ခဲ့ပြီးနောက် ဟာမာအိုကာ နျူကလီးယားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၌ ဆူနာမီရေလှိုင်းရိုက်ပုတ်မှုဒဏ်ခံနိုင်သော တံတိုင်းကို စတင်တည်ဆောက်ခဲ့သည်။

ဟာမာအိုကာ နျူကလီးယားဓာတ်အားပေးစက်ရုံသည် ဂျပန်နိုင်ငံအလယ်ပိုင်း ပစိဖိတ်ပင်လယ်ကမ်းရိုးတန်းဒေသ၌ တည်ရှိသည်။ ဂျပန်နိုင်ငံကျွန်းမကြီး၏ တောင်ဘက် နန်ကိုင်းထရပ်ဒေသ၌ အင်အားပြင်းမြေငလျင်လှုပ်ခတ်ပါက ယင်းစက်ရုံတည်ရှိရာဒေသသည် မြေငလျင်ဗဟိုချက်အတွင်း ရောက်ရှိမည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက သတိပေးခဲ့ကြသည်။

အကယ်၍ မြေငလျင်လှုပ်ပါက မိနစ် ၂၀ အတွင်း ယင်းကမ်းရိုးတန်းဒေသသို့ အမြင့် ၁၉ မီတာအထိရှိနိုင်သော ဆူနာမီရေလှိုင်းများ ရိုက်ခတ်လာနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားကြသည်။

**ကျိုဒို။**



# ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီသံအမတ်ကြီးအားလက်ခံတွေ့ဆုံ

**နေပြည်တော် ဧပြီ ၁**

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီသံအမတ်ကြီး H.E. Mr. Christian- Ludwig Weber-Lortsch အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဧပြီ ၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံ သံအမတ်ကြီး H. E. Mr. Christian-Ludwig Weber-Lortsch အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ လုပ်ငန်းညှိနှိုင်းစည်းဝေး





**နေပြည်တော် ဧပြီ ၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ဝဲပုံ)**

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဖွင့်အမှာစကား ပြောကြားပြီး အစည်းအဝေးသို့တက်ရောက်လာကြသည့် ကော်မတီဥက္ကဋ္ဌများက မိမိတို့ကော်မတီအလိုက် ဆောင်ရွက်နေသည့် ဥပဒေကြမ်းများ၊ တိုင်ကြားစာများ၊ တွေ့ရှိချက်အစီရင်ခံစာများနှင့် သုံးသပ်အကြံပြုဆွေးနွေးချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည် သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်စကားပြောကြားသည်။

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး ဆက်လက်ကျင်းပ

**ရန်ကုန် ဧပြီ ၁**

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်ရုံးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် လွှတ်တော်ကိုယ်စားလှယ် ၁၁၉ ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒေါ်ပန်းသဉ္ဇာမျိုးအား ကရင်တိုင်းရင်းသားရေးရာဝန်ကြီးအဖြစ်လည်းကောင်း၊ ဦးဇော်အေးမောင်အား ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးအဖြစ်လည်းကောင်း နိုင်ငံတော်သမ္မတက ခန့်အပ်ပြီးကြောင်း လွှတ်တော်သို့တင်ပြပြီး တိုင်းရင်းသားရေးရာဝန်ကြီး နှစ်ဦးတို့က ကတိသစ္စာပြုကာ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ သဘောတူညီမှုဖြင့် တိုင်းဒေသကြီးလွှတ်တော် တရားစီရင်ရေး၊ ဥပဒေစိုးမိုးရေးနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမြင့်လွင် (မြောက်ဥက္ကလာပ မဲဆန္ဒနယ်အမှတ်-၂)နှင့် အတွင်းရေးမှူး ဦးတင်ဝင်း(ကမာရွတ်မဲဆန္ဒနယ်အမှတ်-၁)တို့ပါဝင်သော ကော်မတီဝင် ၁၁ ဦးဖြင့် ဖွဲ့စည်းကြောင်း အတည်ပြုကြေညာသည်။

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌက တိုင်းဒေသကြီးလွှတ်တော် တရားစီရင်ရေး၊ ဥပဒေစိုးမိုးရေးနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းလျာထားချက်ကို လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းတင်ပြခဲ့သည်။

**(သတင်းစဉ်)**

■

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းအား ထောက်ခံမဲ ၁၃၇ မဲဖြင့် အတည်ပြုနိုင်ခဲ့

**နေပြည်တော် ဧပြီ ၁**

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်း**အား ထောက်ခံမဲ ၁၃၇ မဲ၊ ကန့်ကွက်မဲ ၇၀၊ ကြားနေမဲ ၂ မဲဖြင့် ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော် အစည်းအဝေးတွင် မဲခွဲ၍ အတည်ပြုလိုက်သည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်(၄)ဦးနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်(၃)ဦး ဆွေးနွေးခဲ့ပြီး အများစုက ဥပဒေပါ ပြဋ္ဌာန်းချက်အချို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း ဝေဖန်ထောက်ပြခဲ့ကြသည်။

လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၇ တွင် ပြဋ္ဌာန်းထားသည့် ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပြန်လည်ရှင်းလင်းခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၇ တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ပြည်ထောင်စု၏ အုပ်ချုပ်မှုအာဏာသည် နိုင်ငံတော်သမ္မတ၌ တည်ရှိသည်။ ဤစကားရပ်ကြောင့် ပြည်ထောင်စုလွှတ်တော်သည် အာဏာပိုင်အဖွဲ့အစည်းတစ်ရပ်ရပ်အား လည်းကောင်း၊ အာဏာပိုင်ပုဂ္ဂိုလ် တစ်ဦးဦးအားလည်းကောင်း တာဝန်နှင့် လုပ်ပိုင်ခွင့်များ ပေးအပ်ခြင်းမပြုနိုင်ဟု မမှတ်ယူရ။ ထို့ပြင် ယင်းစကားရပ်ကြောင့် တည်ဆဲဥပဒေများအရ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းတစ်ရပ်ရပ်အားဖြစ်စေ၊ သက်ဆိုင်ရာ အာဏာပိုင်ပုဂ္ဂိုလ်တစ်ဦးဦးအားဖြစ်စေ အပ်နှင်းထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို နိုင်ငံတော်သမ္မတအား လွှဲပြောင်းပေးအပ်သည်ဟုလည်း မမှတ်ယူရ။ ဟူ၍ ပြဋ္ဌာန်းထားသည်။

ယခုဥပဒေကြမ်းနှင့်ပတ်သက်၍ ဥပဒေကြမ်းကော်မတီဝင် ဒေါ်နန်းနီနီအေးက ဥပဒေကြမ်းတင်သွင်းခြင်းကို ကန့်ကွက်ရန် မရှိသော်လည်း ပြန်လည်သုံးသပ်သင့်ကြောင်း အကြံပြုဆွေးနွေးခဲ့သည်။ ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ်ခင်မောင်အေးက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ (က) တွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်းတို့ပြုသည်ဟု ဖော်ပြထားရာ အတိုင်ပင်ခံပုဂ္ဂိုလ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များသည် အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေး ကဏ္ဍနှစ်ရပ်စလုံးတွင် အကျုံးဝင်နေသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်ရာ ရောက်၊ မရောက်၊ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးတစ်ဦးဖြစ်နေ၍ အပြန်အလှန်ထိန်းကျောင်းခြင်းဆိုင်ရာ လုပ်ငန်းရပ်များအတွက် မေးခွန်းထုတ်စရာ ဖြစ်၊ မဖြစ်၊ ပြည်ထောင်စုလွှတ်တော်သို့ တာဝန်ခံရမည်ဟုဖော်ပြထားပြီး နိုင်ငံတော်သမ္မတမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တာဝန်ခံရမည်ဟု ဖော်ပြထားခြင်းမရှိသဖြင့် အတိုင်ပင်ခံ ပုဂ္ဂိုလ်၏ အဆင့်သတ်မှတ်ချက်ကို တိကျစွာဖော်ညွှန်းနိုင်ခြင်း ရှိ၊ မရှိ။ နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ လွှတ်တော်အသီးသီးတို့အနေဖြင့် အကြံပေးပုဂ္ဂိုလ်များခန့်အပ်ခြင်း၊ သက်ဆိုင်ရာကော်မတီ၊ ကော်မရှင်များဖွဲ့စည်းတာဝန် ပေးအပ်ခြင်းတို့ကို ဆောင်ရွက်နိုင်တဲ့အတွက် ယခုဥပဒေကြမ်းကို ပြဋ္ဌာန်းရန်လိုအပ်ခြင်း ရှိ၊ မရှိ မေးခွန်းထုတ်ခဲ့သည်။

ထို့အတူ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌက အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်မဆန့်ကျင်သော အကြံပြုချက်များကို ပေးရခြင်းသာဖြစ်ပြီး ဆုံးဖြတ်ချက်တစ်စုံတစ်ရာ ချနိုင်သည်အထိ လုပ်ပိုင်ခွင့်မရှိကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၁၇ အရ ဆောင်ရွက်ခဲ့ကြောင်း ရှင်းလင်းသည်။

ယခုဥပဒေကြမ်းသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဦးဆောင်သည့် အစိုးရလက်ထက် အစောဆုံးတင်သွင်းလာသည့် ဥပဒေတစ်ခုဖြစ်သည်။

**(ညီညီကျော်)**

# ဖေးမစောင့်ရှောက်စာနာကူညီ

## ညီပုလေး

မတ် ၂၇ ရက် တော်လှန်ရေးနေ့က "မန္တလေးလူထုနေရာ"လို့ ခေါ်တဲ့ Mandalay Community Center မှာ တော်လှန်ရေးနေ့စကားဝိုင်းဖွဲ့ဖြစ်တယ်။ ရည်ရွယ်ချက်ကတော့ နှစ် ၅၀ ကျော် အုပ်စိုးသွားတဲ့ စစ်အစိုးရတို့ရဲ့ ရည်ရွယ်ချက်ရှိရှိ သတ်မှတ်ခဲ့တဲ့ တပ်မတော်နေ့ ဆိုတာကို ငြင်းဆန်တဲ့စကားဝိုင်းပါ။ မန္တလေး လူထုနေရာကို သိတဲ့လူ နည်းသေးတော့ မိတ်ဆက်ပေးပါရစေ။ အခကြေးငွေမပေးရဘဲ မိတ်ဆက်ပွဲ၊ စည်းဝေးပွဲ၊ နှီးနှောပွဲတွေ ကျင်းပနိုင်တဲ့နေရာက မန္တလေးမြို့ (၆၈) လမ်းနဲ့ (၆၉) လမ်းကြား၊ (၃၃) လမ်းနဲ့ (၃၂) လမ်းကြားမှာ "မန္တလေးလူထုနေရာ"ရှိတယ်။

သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်းရဲ့တပည့် ဆရာဦးသောင်းကို၊ မြန်မာစာဆရာ ဦးမြတ်မင်းသူနဲ့ ကျွန်တော်ပါဝင်ပြီး ဆွေးနွေးပြောဆိုကြတယ်။ မန္တလေးလူထုနေရာရဲ့ ခန်းမအပြည့် ပရိသတ်တက်ရောက်ကြတယ်။ အများစုက ကျောင်းသားကျောင်းသူတွေပါ။ စကားဝိုင်းအပြီး အမေးအဖြေလုပ်ကြတော့လည်း ပရိသတ်က မေးချင်သိချင်တာတွေ မေးကြတော့ ဦးဆောင်ဆွေးနွေး ပြောဆိုကြရတာ အမိပ္ပာယ်ပိုပြည့်စုံသွားတာပေါ့။ သူတို့ သိချင်တာမေးတယ်။ သူတို့ အမှတ်မှားတာတွေနဲ့ ညှိကြတာပါ။ ဒီပွဲဖြစ်မြောက်အောင် ကျင်းပဖော်ရတဲ့ "မန္တလေးလူထုနေရာ" ဦးဆောင်သူတွေကို ကျေးဇူးတင်မိတယ်။ ပရိသတ်တစ်ဦးထမေးသလို "ဒီလိုစကားဝိုင်းမျိုး အများကြီးလိုအပ်ပါတယ်။ ဆရာတို့ နောက်ဆက်ပြီး ဘာလုပ်ဖို့ ရှိပါသလဲ"တဲ့။ သူမေးတဲ့ မေးခွန်းဟာ မေးချင်စရာမေးခွန်း၊ သူ့အတွက်ဖြစ်သွားတာ အောင်မြင်တဲ့စကားဝိုင်းတစ်ခုဆိုတာ သက်သေပြလိုက်တာပါပဲ။

"တကယ်တော့ ရုပ်သံအစီအစဉ်တစ်ခုမှာ တင်ဆက်ရိုက်ကူးပြီး ထုတ်လွှင့်ရမယ့် စကားဝိုင်းမျိုးပါ။ အလျဉ်းသင့်တိုင်း၊ အခြေအနေပေးတိုင်း လုပ်ချင်ပါတယ်။ ဖိတ်ကြားသူတွေရှိရင် အချိန်မရွေး၊ နေရာမရွေး ဒီစကားဝိုင်းကို ကျင်းပချင်ပါတယ်"လို့ ကျွန်တော်ဖြေတယ်။ တကယ်တော့ ဆရာဦးသောင်းကိုနဲ့ ဆရာမြတ်မင်းသူတို့ရဲ့ သဘောထားကိုမေးပြီးမှ ဖြေရမယ့်အဖြေပါ။ ဒါပေမယ့် ကျွန်တော်ဒီဆရာနှစ်ယောက်ရဲ့ စိတ်ရင်းစေတနာကို သိနေလေတော့ "တော်လှန်ရေးနေ့"ရဲ့ သရုပ်သကန် ပုံမှန်ပြန်ဖြစ်ဖို့ သူတို့ရဲ့ အဖိုးတန်တဲ့အချိန်တွေကို လူအများအကျိုးအတွက် မျှဝေမယ်ဆိုတာ ယုံကြည်လို့ ပိုင်စိုးပိုင်နင်း ဖြေပစ်လိုက်တာ။

တော်လှန်ရေးနေ့စကားဝိုင်းအပြီးမှာ ပရိသတ်တွေက ကျွန်တော်တို့သုံးယောက်နဲ့ အတူ အမှတ်တရဓာတ်ပုံတွဲရိုက်ကြတယ်။ အရင်ခေတ်တွေကဆိုရင် ဒီလိုစကားဝိုင်းမျိုးလည်း ကျင်းပခွင့်ရမှာမဟုတ်သလို ကျင်းပခွင့်ရရင်လည်း ပရိသတ်က ဒီလိုဆွေးနွေးတဲ့ ပုဂ္ဂိုလ်တွေနဲ့တွဲပြီး ဓာတ်ပုံရိုက်ရဲကြမှာ မဟုတ်ဘူး။ သူတို့ရင်ထဲမှာ ပြောင်းလဲစပြုပြီဆိုတဲ့ ယုံကြည်မှုနဲ့လာပြီး ဓာတ်ပုံရိုက်ကြတာလေ။ အရင်အစိုးရ၊ အရင်ခေတ် မဟုတ်တော့ဘူး။ တကယ်ပြောင်းလဲသွားပြီဆိုတဲ့ ခံစားမှုအငွေ့ရှည်ဖို့ ဆုတောင်းရမှာပဲ။ နောက်ထပ်ရောက်လာသူတွေကတော့ ဓာတ်ပုံတွဲရိုက်မလို့မဟုတ်ဘူး။ ကျွန်တော့်ကို သူတို့ ဧပြီ ၂ ရက်မှာ ကျင်းပကြမယ့် အခမ်းအနားတစ်ခုမှာ မုဒိတာစကားလာပြောဖို့ ဖိတ်ကြတာ။ မိသားတစ်စု၊ ဇနီး၊ ခင်ပွန်းသည်နဲ့ သမီး၊ ပြီးတော့ အသက်(၄၀)ဝန်းကျင် အမျိုးသမီးတစ်ယောက်။ သူတို့ကိုယ်သူတို့ မိတ်ဆက်ကြတယ်။ ကျွန်မ နီလာဝင်းပါ၊ ကျွန်မ သန္တာငြိမ်းပါတဲ့။

မြန်မာအော်တစ်ဇင်အသင်း မန္တလေးက ပထမအကြိမ်ကျင်းပမယ့် ကမ္ဘာ့အော်တစ်ဇင် အထိမ်းအမှတ် WORLD AUTISM AWARENESS DAY 2 APRIL 2016 အခမ်းအနားမှာ ကျွန်တော့်ကို မုဒိတာစကား အပြောခိုင်းနေကြတယ်။

သူတို့နဲ့ပါလာတဲ့ အသက် (၈)နှစ်၊ (၉) နှစ် လောက်အရွယ် သမီးလေးနဲ့လည်း မိတ်ဆက်ပေးတယ်။ မဝိုင်းချစ်တဲ့။ သမီးလေးက ကျွန်တော့်ကို ခဏလေးပဲကြည့်ပြီး သူ့အကြည့်ကို လွှဲလိုက်တယ်။ ကျွန်တော်လက်ဆွဲနှုတ်ဆက်ဖို့ လက်ကမ်းတော့လည်း စတိသဘောနှုတ်ဆက်ပြီး သူ့လက်ကို ခပ်သွက်သွက်ပြန်ရုပ်သွားတယ်။ သမီးမဝိုင်းချစ် မျက်နှာလေးက ချစ်စရာလေး။ သွက်လက်ချက်ချာမယ့်ပုံပဲ။ ဒါပေမယ့် သမီးလေးမှာ အော်တစ်ဇင်ဖြစ်နေရှာသတဲ့။ သမီးမဝိုင်းချစ်ကို မြင်လိုက်ကတည်းက အော်တစ်ဇင်ဆိုတာ ဘာမှန်းမသိပေမယ့် ဒီမိသားနှစ်စုလာဖိတ်တဲ့ အခမ်းအနားတော့ တက်ဖြစ်အောင် တက်မယ်ဆိုတဲ့ ပိုင်းဖြတ်ချက်ချလိုက်မိတယ်။ ဪ သမီး မဝိုင်းချစ် ရယ် ငါ့သမီးမှ အော်တစ်ဇင်ဖြစ်ရလေသလား။

သမီးမဝိုင်းချစ်လို ချစ်စဖွယ်သမီးငယ် သားငယ်လေးတွေ ကျွန်တော်တို့တိုင်းပြည်မှာ ဘယ်နှယောက်မှာရှိနေပြီလဲ။

တကယ်တော့"အော်တစ်ဇင်"AUTISM ဆိုတဲ့ စကားလုံး ကျွန်တော့်အတွက် စိမ်းနေတယ်။ ဒါပေမယ့် အော်တစ်ဇင်ဖြစ်ပွားနှုန်းက ကမ္ဘာတစ်ဝန်းမှာ တဖြည်းဖြည်းတိုးနေသတဲ့။ ကျွန်တော်တို့လို ဖွံ့ဖြိုးတိုးတက်မှုနှေးကွေး၊ ကျန်းမာရေးအသိညာဏ်နည်း၊ ကျန်းမာရေး အသုံးစရိတ်ဆင်းရဲတဲ့ တိုင်းပြည်မှာကော ဘယ်လိုအခြေအနေမျိုးရှိလေမလဲ။

အော်တစ်ဇင်ဆိုတာ ဦးနှောက်နဲ့ အာရုံကြောဆိုင်ရာ ဖွံ့ဖြိုးမှု ပုံမှန်မဖြစ်တာကြောင့် လူ့ဘဝတစ်လျှောက်လုံး လူစဉ်မမီဘဲ စွမ်းဆောင်ရည်ချို့နေမှာတဲ့။ ဘုရား- ဘုရား-

သူတို့တတွေရဲ့ ရှေ့ရေးဟာ မိသားစုတစ်ခုလုံးအပေါ်မှာ လုံးလုံးလျားလျား တည်မှီနေကြရတော့မှာလား။ ကျွန်တော်သားသမီးသုံးယောက်ရဲ့ဖခင်၊ မြေးတစ်ယောက်ရဲ့ အဘိုးဖြစ်ပြီး ကျွန်တော့်ဝန်းကျင်က မိတ်ဆွေသူငယ်ချင်းတွေရဲ့ သားသမီးတွေဟာ ဖူးချိန်တန်ဖူး၊ ပွင့်ချိန်တန်ပွင့်ကြပြီး သီးချိန်တန် သီးကြဦးမယ့် အရွယ်တွေလေ။

အော်တစ်ဇင်ဟာ စိတ်ရောဂါတစ်မျိုး မဟုတ်သလို ကူးစက်ရောဂါမျိုးလည်းမဟုတ်ဘူး။ လူမျိုးမရွေး၊ ဘာသာမရွေး ဆင်းရဲချမ်းသာနဲ့ နေရာဒေသမရွေးဘဲ ကျားမ မရွေး ဖြစ်နိုင်သတဲ့။

ကမ္ဘာပေါ်မှာ ကလေး ၆၈ ဦး မွေးဖွားတိုင်း အော်တစ်ဇင်တစ်ဦးနှုန်း ဖြစ်ပွားနေသတဲ့။ ဒီနှုန်းဟာ လူသားချင်းစာနာသူတို့ရဲ့ နှလုံးသားကို ခပ်ကြမ်းကြမ်းကုတ်ခြစ်နေတဲ့ နှုန်းပါလား။ ကမ္ဘာပေါ်မှာ အော်တစ်ဇင် ဖြစ်ပွားသူပေါင်း ၆၇ သန်းနီးပါးရှိနေပြီတဲ့။ အမလေး တော်ပါသေးရဲ့၊ ဒေါ်သာအေးရဲ့ ကျုပ်သား၊ ကျွန်မသမီးတစ်ယောက်တည်း မဟုတ်လို့ဆိုပြီး ကြံဖန်စိတ်ဖြေစရာရှိပြီး ဘဝတူချင်း ဝိုင်းကူညီဖို့ စိတ်အားမွေးကြရမှာပဲ။ အော်တစ်ဇင်ဖြစ်ပွားနှုန်းက တဖြည်းဖြည်း တိုးလာလို့ ဒီနေ့ ဧပြီ ၂ ရက်ကို ကမ္ဘာ့ အော်တစ်ဇင် အထိမ်းအမှတ်နေ့လို့ သတ်မှတ်ကြသတဲ့။




သိပ္ပံပညာရှင်တွေ၊ သုတေသီတွေက အော်တစ်ဇင် ဘာလို့ဖြစ်တာလဲ။ အခုထိတိကျတဲ့ အဖြေတစ်ခုမရသေးဘူး။ အော်တစ်ဇင်ကလည်း တချို့သာမန်လူလိုပဲ ကိုယ့်ဘာသာရပ်တည်နိုင်ပြီး တချို့က တစ်ပါးသူကို လုံးဝမှီခိုနေရသတဲ့။ အပြင်းစား၊ အလတ်စား၊ အပျော့စားရယ်လို့ အော်တစ်ဇင်ကို သုံးမျိုးခွဲထားတယ်။

အပြင်းစားအော်တစ်ဇင်ဆိုတာ တစ်ကိုယ်ရေသန့်ရှင်းရေးကိစ္စကစပြီး သူတစ်ပါးအပေါ် လုံးဝမှီခိုနေရသူ။

အလတ်စားအော်တစ်ဇင်က တချို့ကိစ္စတွေမှာပဲ သူတစ်ပါးအပေါ် အားကိုးမှီခိုရသူ။

အပျော့စားအော်တစ်ဇင်က ကိစ္စအများအပြားကို ကိုယ်တိုင်လုပ်နိုင်ပြီး ကိစ္စနည်းနည်းပဲ သူများကို မှီခိုနေကြရသူတွေ။

သိသာထင်ရှားတဲ့ အော်တစ်ဇင် လက္ခဏာတွေလို ကလေးအသက် (၂)နှစ်၊ (၃) နှစ် အရွယ်မှသာ တွေ့နိုင်ပေမယ့် လသား အရွယ်မှာ သတိထားကြည့်ရင်လည်း စောစောစီးစီးသိနိုင်တယ်။

ဒီကလေးတွေက တခြားသူတွေနဲ့ မျက်လုံးချင်းဆုံကြည့်လေ့ မရှိကြဘူး။ တခြားလူက ကြည့်ရင်လည်း မျက်လုံးလွှဲသွားတတ်တယ်။

သူတို့ကလေးတွေက တခြားကလေးတွေနဲ့ရော၊ ကိုယ့်ထက်ကြီးသူတွေနဲ့ပါ ရောရောနှောနှော နေထိုင်ဆက်ဆံမှုမရှိဘဲ သီးခြားနေထိုင်တတ်တယ်။

မဝိုင်းချစ်လိုကလေးတွေက စကား မပြောကြဘူး။ စကားပြော နောက်ကျတယ်။ သူများနဲ့ စကားမပြောတတ်ဘူး။

ပုံမှန်မဟုတ်တဲ့ကစားနည်း၊ ဒါမှမဟုတ် ပုံမှန်မဟုတ်တဲ့ ပုံစံတွေနဲ့ကစားလေ့ရှိတယ်။ မော်တော်ကားကိုတွန်းရင် ဘီးတွေကို လိမ့်အောင်တွန်းကစားကြစမြဲ၊ သူတို့ကတော့ မော်တော်ကား ပြောင်းပြန်လှန်ပြီး ဘီးတွေကို လက်ကကိုင် ခေါင်မိုးအတိုင်း တွန်းကစားကြတာမျိုး။

သူတို့ပြုလုပ်နေကျ အစီအစဉ်တွေ ဒါမှမဟုတ် အသုံးပြုနေကျပစ္စည်းကနေ ပြောင်းလဲသုံးဖို့ ခက်ခဲတယ်။ အရင်ပစ္စည်းသုံးနေကျတွေကိုပဲ အစွဲအလမ်းကြီးနေတတ်တယ်။

သူတို့အန္တရာယ်ကို မသိကြဘူး။ တချို့ကလေးတွေက အငြိမ်မနေကြဘူး။ တချို့ကျငြိမ်လွန်းတယ်။

အသံတွေကို တုံ့ပြန်တာ လွန်ကဲကြတယ်။ တချို့က တုံ့ပြန်တာ နည်းကြတယ်။

အထိအတွေ့တွေကိုလည်း အချို့က တုံ့ပြန်မှုလွန်ကဲပြီး တချို့ကျတော့လည်း နည်းကြပြန်ရော။

တပ်မက်ချစ်စရာမဟုတ်တဲ့ ပစ္စည်းတွေကို လွန်လွန်ကဲကဲ တပ်မက်တတ်တယ်။

အရာဝတ္ထုတွေလည်နေတာကို အလွန်သဘောကျတတ်တယ်။ သူတို့ကိုယ်တိုင်လည်း လှည့်နေတတ်တယ်။

တချို့ကလေးတွေက အကြောင်းမဲ့ ငိုကြတယ်။ တချို့က အဓိပ္ပာယ်မဲ့ ရယ်ကြတယ်။ တစ်ခါတလေ ဘာမှန်းမသိတဲ့အသံတွေ လုပ်တတ်ကြတယ်။

အဲဒီလိုလက္ခဏာတွေနဲ့ ကြုံတွေ့ရရင် ကလေးအထူးကုဆရာဝန် ဒါမှမဟုတ် အော်တစ်ဇင်ကုထုံးပညာရှင်တွေနဲ့ ပြသအကြံတောင်းကြဖို့ပါပဲ။

စောစောစီးစီး သိနိုင်တဲ့ လက္ခဏာတွေက ကလေးရဲ့အသက် (၃) လအရွယ်မှာ ချော့မြှူတာကို မတုံ့ပြန်ရင်၊ လှုပ်ရှားနေတဲ့ အရာတွေကို လိုက်မကြည့်ရင်။

ကလေး (၇)လ၊ (၈) လအရွယ်မှာ အသံထွက်ပြီး မရယ်သေးရင်၊ ဗူးမမှုတ်သေးရင်။

ကလေး (၁၂)လအရွယ်မှာ စကားနှစ်လုံး ဥပမာ၊ ဖေဖေ မေမေ၊ အဘ၊ ဘွားဘွား ဆိုတာမျိုး မပြောတတ်သေးရင်။

ဘယ်အရွယ်မှာမဆို ကိုယ်တတ်ကျွမ်းပြီးသားတစ်ခုခု တတ်ကျွမ်းမှု လျော့နည်းသွားရင် ဒါမှမဟုတ် ပျောက်ဆုံးသွားရင်။

ကလေးအထူးကုဆရာဝန် ဒါမှမဟုတ် အော်တစ်ဇင်ကုထုံးပညာရှင်တစ်ဦးဦးနဲ့ ပြသသင့်တယ်။

အော်တစ်ဇင်က ဓာတ်မှန်ရိုက်ကြည့်လို့၊ ဓာတ်ခွဲစမ်းသပ်လို့ရတဲ့ အမျိုးလည်းမဟုတ်ဘူး။ ပညာရှင်တွေ စနစ်တကျစမ်းသပ်စစ်ဆေးမှ သိနိုင်တာမျိုး။ လုံးဝပျောက်ကင်းအောင်ကုသနိုင်တဲ့ ကုထုံးဆေးဝါးမရှိသေးဘူး။

ဒါပေမယ့် ဒီဒါပေမယ့်က အရေးကြီးတယ်။

စောစောစီးစီးသိပြီး စနစ်တကျလေ့ကျင့်ပေးရင် သိသိသာသာ တိုးတက်ကောင်းမွန်လာမှာလေ။

ကျွန်တော်တို့ ဆင်းရဲတွင်းနက်ခဲ့ကြတယ်။ ပညာမဲ့ခဲ့ကြတယ်။ နောက်ဆက်တွဲပြဿနာတွေ အများကြီးထဲ ကျန်းမာရေး အသိနည်းပါးနေသေးတာပါပဲ။ ကျွန်တော်တို့ တူ၊ တူမ၊ မြေး၊ မြေးမလေးတွေရဲ့ အနာဂတ်အတွက် မြန်မာအော်တစ်ဇင် အသင်းကို ဂုဏ်ပြုတဲ့အနေနဲ့ ဒီစာကိုရေးတယ်။

ကျွန်တော့်ကို ဖိတ်တဲ့ဖိတ်စာထဲမှာ အော်တစ်ဇင်ကလေးတွေ စုပေါင်းလမ်းလျှောက်ကြဦးမယ်တဲ့။ လမ်းလျှောက်ပွဲပါဝင်ကြမယ့်သူတွေ (၂၆) အာဇာနည်လမ်းနဲ့ (၇၂) လမ်းထောင့်စုရပ်ကို မနက် ၇ နာရီခွဲ အရောက်လာကြဖို့နဲ့ ဝိုင်အမ်ဘီအေထဲက ဦးဘအုန်း အောက်မေ့ဖွယ်ခန်းမ (အာဇာနည်လမ်းနဲ့ (၇၅) လမ်းထောင့်)မှာ မနက် ၈ နာရီခွဲ မြန်မာအော်တစ်ဇင်အသင်း မန္တလေးကနေ ကမ္ဘာ့အော်တစ်ဇင် အထိမ်းအမှတ်အခမ်းအနား ကျင်းပမယ်တဲ့။

သားသမီးချင်း စာနာစိတ်ရယ်၊ မြန်မာအော်တစ်ဇင်အသင်းကို ဂုဏ်ပြုပြီး ဒီစာကိုရင်ထဲကနေရေးတယ်။ မြန်မာအော်တစ်ဇင်အသင်းရဲ့လိပ်စာတိုက်အမှတ် (၄၉)၊ ပထမထပ်(ညာ)အာသောကလမ်း နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်။ဖုန်း- ၀၉-၄၄၈၀၂၁၄၁၊ ၀၉-၅၀၈၂၂၅၆။ ဧဒင်မသန်စွမ်းသက်ငယ်များ ပြုစုရာရိပ်မြုံ အမှတ် (၅၆)၊ ဝါဦး(၄)လမ်း၊ ဖော့ကန်၊ အင်းစိန်မြို့နယ် လှမ္ဘိနီအကယ်ဒမီ၊ ဖုန်း- ၀၁-၅၆၄၄၅၂ တို့မှာ အကြံဉာဏ် အကူညီတွေရနိုင်သတဲ့။

ကျွန်တော်တို့ အော်တစ်ဇင်ကလေးငယ်တစ်ဦးကို အတတ်နိုင်ဆုံး ဖေးကူဖို့လိုအပ်သလို သွားပါပြီကွာဆိုပြီး လုံးလုံးလျားလျားပစ်ပယ်ကြဖို့မလိုဘူး။ ကမ္ဘာကျော် ဂန္ထဝင်တေးရေးဆရာမိုးဇတ်၊ သိပ္ပံပညာရှင် အဲလဘတ်အိုင်းစတိုင်း၊ ရုပ်ရှင်သရုပ်ဆောင်၊ ဒါရိုက်တာ ဇာတ်ညွှန်းဆရာ၊ ဟာသနဲ့ ဂီတပညာရှင် ဝူဒီအယ်လင်၊ မိုက်ခရိုဆော့ဖ် ဥက္ကဋ္ဌ ဘီလ်ဂိတ်တို့ဟာလည်း အော်တစ်ဇင်တွေထဲက အပျော့အပြင်း မတူညီကြသူတွေဖြစ်ပါသတဲ့။

**စာကိုး**
**အော်တစ်ဇင်အကြောင်း သိကောင်းစရာ**
**မြန်မာအော်တစ်ဇင်အသင်း (၂၀၁၅ - မတ်)**
**ဖြန့်ဝေ**
**မြန်မာအော်တစ်ဇင်အသင်း ပထမအကြိမ်**
**နှစ်လည်မဂ္ဂဇင်း ၂၀၁၅**

## ပြည်တွင်းရေးရာ

### ❒ လျှင်ငယ်မှ

မြန်မာနိုင်ငံမြေငလျင်သမိုင်းအရ နှစ်တစ်ရာအတွင်း ငလျင်ကြီးတစ်ကြိမ် လှုပ်ခတ်ရန်ရှိနေပြီး အဓိကမြို့ကြီးများသည် စစ်ကိုင်းပြတ်ရွေ့ကြောပေါ်တွင် တည်ရှိနေကြောင်း အဆိုပါပြတ်ရွေ့၏ အစိတ်ပိုင်းများမှ လှုပ်ခတ်မည်ဆိုပါက ငလျင်လှုပ်ခတ်နိုင်ခြေများကြောင်း မြန်မာနိုင်ငံမြေငလျင်ကော်မတီက သိရသည်။

"မြို့ကြီးတော်တော်များများက စစ်ကိုင်းပြတ်ရွေ့ပေါ်ရှိတော့ လှုပ်နိုင်ခြေများတယ်။ ဘယ်အပိုင်းက ဘယ်လောက် အတိအကျလှုပ်မယ်ဆိုတာ မပြောနိုင်ဘူး။ ခန့်မှန်းနိုင်တာပဲရှိတယ်။ လှုပ်နိုင်ခြေကများမယ့်သဘောပဲ" ဟု ဒေါက်တာ မျိုးသန့်ကပြောသည်။

မကြာမီရက်ပိုင်းအတွင်းက လူမှုကွန်ရက် စာမျက်နှာများတွင် ရန်ကုန်အပါအဝင် မြို့ကြီးခြောက်မြို့တွင် ငလျင်ကြီးလှုပ်ခတ်မည်ဆိုသည့် သတင်းများ ထွက်ပေါ်လာခြင်းနှင့် စပ်လျဉ်းပြီး ၎င်းက"မကြာမီလှုပ်မယ်၊ ရက်ပိုင်းအတွင်း၊ လပိုင်းအတွင်းလှုပ်မယ်ဆိုတာ ဖြစ်နိုင်ဖို့ခဲယဉ်းပါတယ်။ လှုပ်နိုင်တဲ့ အခြေအနေကလည်းရှိနေတော့ ကောင်းတဲ့ဘက်ကပြောရရင် သတိထားရမှာပါ။ ဆိုးတဲ့ဘက်ကကြည့်ရင် လူတွေကိုထိတ်လန့်စေပါတယ်"ဟု ဆိုသည်။

ယခု နှစ်ဦးပိုင်း ဇန်နဝါရီ ၁၂ ရက်တွင် ရန်ကုန်မြစ်ဝကိုဗဟိုပြု၍ လှုပ်ခတ်ခဲ့သည့်ငလျင်၊ ဖေဖော်ဝါရီ ၂၄ ရက်တွင် ဒေးဒရဲမြို့အနီး လှုပ်ခတ်ခဲ့သည့်ငလျင်၊ မတ် ၇ ရက် တွင် ချောက်မြို့အနီးနှင့် ဟားခါးမြို့အနီး လှုပ်ခတ်ခဲ့သည့် ငလျင်၊ မတ် ၉ ရက်နှင့် ၂၃ ရက်တို့တွင် မိုးညှင်းမြို့အနီး လှုပ်ခတ်ခဲ့သည့်ငလျင် အပါအဝင် အင်အားအသင့်အတင့်ရှိငလျင်နှင့် ငလျင်ငယ်များ စုစုပေါင်း ခြောက်ကြိမ် လှုပ်ခတ်ခဲ့ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**(မင်းသစ်)**

# ဂိတ်ပေါင်း ၁၆၁ ဂိတ်ကို အသုံးပြုခပေးဆောင်ရန်မလိုဟုဆိုသော်လည်း လမ်းခရီးသွားလာမှုများပြားသည့် ဂိတ်များပါဝင်ခြင်းမရှိခဲ့

**နေပြည်တော် မေ ၁**

မေ ၁ ရက်မှစတင်ကာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ လမ်း/တံတား အသုံးပြုခကောက်ခံလျက်ရှိသည့် ဂိတ်ပေါင်း ၁၆၁ ဂိတ်ကို လမ်း/တံတား အသုံးပြုခကောက်ခံတော့မည်မဟုတ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

အဆိုပါလမ်း/တံတားအသုံးပြုခမကောက်ခံတော့သည့် ဂိတ်များမှာ ကယားပြည်နယ်တွင် ဂိတ်လေးဂိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၃၉ ဂိတ်၊ တနင်္သာရီတိုင်းဒေသကြီးတွင် ကိုးဂိတ်၊ ပဲခူးတိုင်းဒေသကြီးတွင် ကိုးဂိတ်၊ မကွေးတိုင်းဒေသကြီးတွင် ၂၂ ဂိတ်၊ မန္တလေးတိုင်းဒေသကြီးတွင် ခြောက်ဂိတ်၊ မွန်ပြည်နယ်တွင် လေးဂိတ်၊ ရခိုင်ပြည်နယ်တွင် ၁၈ ဂိတ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် သုံးဂိတ်၊ ရှမ်းပြည်နယ်တွင် ၂၅ ဂိတ်နှင့် ဧရာဝတီတိုင်းဒေသကြီးတွင် ၂၂ ဂိတ်တို့ဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက လမ်း/တံတား အသုံးပြုခကောက်ခံလျက်ရှိသည့် ဂိတ်ပေါင်း ၃၀၂ ဂိတ်ရှိသည့်အနက် ၁၆၁ ဂိတ်အား လမ်း/တံတားအသုံးပြုခ ကောက်ခံတော့မည်မဟုတ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့သော်လည်း ခရီးသွားပြည်သူ အများအပြားအသုံးပြုလျက်ရှိသည့် ဂိတ်များပါဝင်လာခဲ့ခြင်း မရှိကြောင်း သိရသည်။

**(ငွေကြယ်)**

### ❍ အာရှထိပ်သီး

ကျင်းပရန်စီစဉ်ထားသော်လည်း တောင်ကိုရီးယား ဘောလုံးအဖွဲ့ချုပ်၏ တောင်းဆိုမှုကြောင့် ရန်ကုန်မြို့သို့ ပြောင်းလဲကျင်းပခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးအသင်း နည်းပြချုပ်သစ်ဖြစ်သူ နယ်သာလန် အမျိုးသမီးလက်ရွေးစင်အသင်းနည်းပြဟောင်း ရော်ဂျာရိုင်နာသည် ပြိုင်ပွဲမတိုင်မီ အာရှထိပ်သီး အသင်းတစ်သင်းနှင့် ခြေစမ်းပွဲကစားလိုကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ထံ တောင်းဆိုခဲ့ရာ တောင်ကိုရီးယား ဘောလုံးအဖွဲ့ချုပ်ထံ ထပ်မံကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံအမျိုးသမီး ပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် ရည်မှန်းထားသည့် မြန်မာအမျိုးသမီးအသင်း အနေဖြင့် ပြိုင်ပွဲမတိုင်မီ ခြေစွမ်းပိုင်းမြင့်မားသည့် တောင်ကိုရီးယားလက်ရွေးစင်အသင်းနှင့် ခြေစမ်းခွင့်ရရှိခဲ့ခြင်းမှာ အလွန်အကျိုးရှိသည်ဟု ဆိုရမည်ဖြစ်သည်။

နည်းပြသစ် ရော်ဂျာသည် မြန်မာအမျိုးသမီး အသင်းကို ဖေဖော်ဝါရီလက စတင်ကိုင်တွယ်လျက်ရှိပြီး ပြိုင်ပွဲမတိုင်မီ ပြင်ဆင်မှုအဖြစ် မေလအတွင်း၌ ဂျပန်နိုင်ငံ အိုဆာကာမြို့သို့ သွားရောက်ကာ လေ့ကျင့်မှုများပြုလုပ်ပြီး ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း၊ ဓာတ်ပုံ-ရှိုင်းထက်ဇော်**

### ☆ အကယ်ဒမီမှ

ဇာတ်ကောင်တွေလည်းပါနေတယ်။ ဒါ့ကြောင့်လည်း ပရိသတ်ရဲ့ ရင်ခုန်သံကပိုများနေတယ်လို့ ကျွန်တော်ယုံကြည်တယ်။ ကျွန်တော့်အတွက်ကတော့ ထူးခြားတဲ့ ရင်ခုန်သံရယ်လို့တော့ မရှိဘူး။ ဒါပေမယ့် ဒီနှစ်မှာ ပရိသတ်ရဲ့ ဆန္ဒကိုတော့ ပြည့်စေချင်တယ်။ ကျွန်တော်အမြဲတမ်း ကြိုးစားနေပါတယ်။ အခုလည်းကြိုးစားမယ်။ နောင်လည်း ကြိုးစားသွားမှာပါ။ ကျွန်တော့်ကို အားပေးတဲ့ ပရိသတ်ကြီးကို ကျေးဇူးတင်ပါတယ်။

**အကယ်ဒမီ ခိုင်သင်းကြည်**

ကောင်းကျိုးကိုယ်၌တည်စေမင်း ဇာတ်ကားတွင် တိုင်းတစ်ပါးသားတို့၏ လက်ဝါးကြီးအုပ် ဖိနှိပ်ချုပ်ချယ်ခံဘဝမှာ ပညာမတတ်ပေမယ့် ကိုယ့်လူမျိုးကို ထိခိုက်လာရင် သတ္တိရှိရှိ ရင်ဆိုင်တုံ့ပြန်တတ်သည့် မဗေဒါအဖြစ် ပီပီပြင်ပြင်သရုပ်ဆောင်ရာမှ ပရိသတ်၏ တစ်ကြိုပေးခြင်းကိုခံရသည့် အနုပညာရှင်ဖြစ်သည်။

"အကယ်ဒမီပွဲလည်း နီးလာပြီဆိုတော့ ရင်လည်းခုန်ပါတယ်။ မခိုင်တို့နှစ်ကလည်း မခိုင်တို့ကားမှမဟုတ်ပါဘူး တခြားကားတွေလည်း ကောင်းကြတယ်ဆိုတော့ အကောင်းဆုံးတွေပဲ ဖြစ်နေတယ်။ မင်းသမီးဆိုလည်း တော်တော်များများ နာမည်ထွက်ကြတော့ ဘာပဲပြောပြော ကိုယ်လည်းကြောက်ပါတယ်။ အားလုံးဂရုတစိုက်နဲ့ ကိုယ်ပါဝင်ရတဲ့အပိုင်းမှာ ကြိုးစားထားပါတယ်။ သရုပ်ဆောင်ပိုင်းကော အဝတ်အစားတွေကအစ မိတ်ကပ်အဆုံး ဂရုစိုက်ပြီးတော့ သရုပ်ဆောင်ထားပါတယ်။ဒါပေမယ့်လည်း ဒီလိုပဲ ကိုယ်ကောင်းပြီးတော့ မရခဲ့တဲ့ကားတွေ အများကြီး ရှေ့မှာလည်းရှိခဲ့တယ်။

အကယ်ဒမီဆိုတာကလည်း နတ်ကြီးတယ်။ အကယ်ဒမီကံဆိုတာကလည်း မခိုင်ကနည်းတဲ့အခါကျတော့ ကိုယ့်ကိုယ်ကိုယ်ရမယ်လို့လည်း မမျှော်လင့်ရဲပါဘူး။ မခိုင်ကိုချစ်တဲ့ ပရိသတ်တွေကလည်း မနှစ်က ဇာတ်ပို့ပဲရထားတော့ ဒီနှစ်ကို ဇာတ်ဆောင်ဆုရစေချင်ပြန်ရော။ ပရိသတ်ရဲ့ဆန္ဒကိုလည်းမခိုင်တကယ်ကို ဖြည့်ဆည်းပေးချင်ပါတယ်။ မခိုင်နဲ့ပရိသတ်ရဲ့ဆန္ဒက တစ်ထပ်တည်းပါပဲ။ ကံဆိုတာကလည်း ပြောလို့မရတော့ ကံပါရင် ရမယ်၊ ကံမပါရင် မရဘူးလို့ဘဲ စိတ်ကိုထားထားပါတယ်။ ပရိသတ်ကြီးကိုလည်း ကံမပါလို့ မရခဲ့ရင် မခိုင်မကြိုးစားလို့ မဟုတ်ဘဲ ဒါကံကြောင့် ဆိုတာလေးကိုတော့ လက်ခံပေးစေလိုပါတယ်။

**အကယ်ဒမီ သက်မွန်မြင့်**

သူသည် ၂၀၁၄ ခုနှစ်တွင် မာယာပရောဂျက်၊ ၂၀၁၅ ခုနှစ်အတွက် နက္ခတ်မှားတဲ့တိုက်ပွဲ ဇာတ်ကားများတွင် အချစ်၊အမုန်း၊ နာကြည်းမှုများကို ပေါ်လွင်အောင် သရုပ်ဆောင်နိုင်သည့်အပြင် နက္ခမှားတဲ့တိုက်ပွဲဇာတ်ကားတွင် စိတ်ဝေဒနာသည် မိခင်အဖြစ် ပီပီပြင်ပြင် သရုပ်ဆောင်ခဲ့သည့်အတွက် ပရိသတ်၏ အကယ်ဒမီ တစ်ကြိုပေးခြင်းခံရသည့် အနုပညာရှင်ဖြစ်သည်။

"ဒီနှစ်တော့ သက်မွန်ရစရာမရှိပါဘူး။ အားရစရာကားလည်း မရှိဘူး။ ကားကလည်း နည်းပါတယ်။ ပရိသတ်ကတော့ ကိုယ်ချစ်တဲ့မင်းသမီးကို နှစ်တိုင်းကိုရစေချင်တာလေ။ သက်မွန်တို့အနေနဲ့ကတော့ အကယ်ဒမီကို မျှော်စရာမရှိပါဘူး။

**တက္ကသိုလ် ဝွမ်းပုံ**

ဤအရာကိုအချစ်ဟုခေါ်သလား ဇာတ်ကားတွင် အစ်မအကြိုက်ဆုံးကတော့ မိုးဟေကိုနဲ့ အစ်မတို့ရေတွင်းနားမှာဆုံတဲ့အခန်းပါ။ အစ်မကို မိုးဟေကိုက ဘာပဲပြောပြော ဦးဗေလုဝနဲ့ထင်ယောင်ထင်မှားဖြစ်နေတဲ့အခါကျတော့ ရေတွင်းမှာ အစ်မတို့အုပ်စုနဲ့ ပက်ပင်းတိုးတဲ့အချိန်မှာ လန့်တယ်ပေါ့။ ပြီးတော့ မြို့သူဆိုတာ တစ်ခါမှ ရေတွင်းထဲကရေကိုငင်ပြီး သုံးဖူးတာမဟုတ်တော့ အဲဒီအချိန်မှာ ရေညှိနဲ့ သူချော်လဲသွားတယ်။ ကိုယ့်ရဲ့ချစ်သူကို လုယူထားတဲ့တစ်ယောက်လို့ အစ်မကသတ်မှတ်ထားတဲ့အတွက် စိတ်ထဲမကောင်းပါဘူး။ ဒါပေမယ့် တကယ်တမ်း သူချော်လဲသွားတဲ့အချိန်မှာတော့ ကျေးလက်တောသူလေးတစ်ယောက်ရဲ့ ရင်ထဲကဖြူစင်တဲ့မေတ္တာတွေနဲ့ သူ့ကိုတွဲပြီးတော့ ထူပေးတယ်။ ထူပြီးတော့ သူကမြို့သူဆိုတော့ ဒါတွေဘယ်လုပ်တတ်ပါ့မလဲ အစ်မက ပြောတယ်။ ပြောရင်းနဲ့မှ ကိုယ့်ချစ်သူကို လုယူထားတဲ့သူဆိုပေမယ့်လည်း ကျွန်မချစ်သူကို အပ်ပါတယ်ပေါ့။ ငါတို့နှစ်ယောက်ရဲ့အချစ်တွေကို ပုပ္ပားတောင်ကိုသက်သေတည်ပါတယ်။ အဲ့ဒီရင်ဖွင့်တဲ့အခန်းလေးကို အစ်မပရိသတ်အနေနဲ့ ပြန်ကြည့်တဲ့အခါ အစ်မကိုယ်တိုင်သဘောကျမိတယ်။ ပြီးတော့ ကိုနိုင်းနိုင်းနဲ့ မမိုးဟေကိုတို့ကိုလည်း ကျေးဇူးတင်တယ်။ ဇာတ်ပို့တွေကို အသားပေးထားတဲ့ ဇာတ်ကားမှန်းသိပေမယ့် အတူလက်တွဲသရုပ်ဆောင်ပေးတယ်။

ပြီးတော့ အကယ်ဒမီရွှေစင်ရုပ်တုကို ရခဲ့သည်ဖြစ်စေ၊ မရခဲ့သည်ဖြစ်စေ ၁၉၈၆ ခုနှစ်ကတည်းကနေ အစ်မအသက်ခန္ဓာတည်မြဲနေသရွေ့ကတော့ ဒီနှုန်းအတိုင်းပဲ ကျရာဇာတ်ရုပ်မှာ ပီပြင်အောင် ရုပ်ရှင်ဖြစ်စေ၊ ဗီဒီယိုဖြစ်စေ၊ ပြဇာတ်ဖြစ်စေ ကျရာအနုပညာကဏ္ဍမှာ အမြဲတမ်းတင်ဆက်သွားမှာပါ။ အကယ်ဒမီမရလို့လည်း ဝမ်းနည်းနေမယ့်သူမဟုတ်ပါဘူး။ ရခဲ့ရင်လည်း အနုပညာမှတ်တိုင်တစ်ခုအနေနဲ့ဝမ်းသာကြည်နူးမိမှာပါ။ အစ်မမရခဲ့ရင်လည်း အစ်မထက်တော်တဲ့၊ ထက်တဲ့သူတွေကို ပရိသတ်နဲ့အတူ ဝမ်းသာအားရလက်ဆွဲနှုတ်ဆက်မယ့်သူတစ်ယောက်ပါ။ ဒါကြောင့် ပရိသတ်ကြီးကို မဝွမ်းက တတ်တဲ့အနုပညာလေးနဲ့ အမြဲတမ်းအမြဲတမ်း တင်ဆက်သွားမှာပါ။

**အကယ်ဒမီဆုပေးပွဲကြီး ကျင်းပရန် ၁ ရက်သာလိုပါတော့သည်။**



# ပြည်တွင်းရေးရာ

**✱ ရှေ့ဖုံးမှ**

ရှေ့ဖုံးမှ

ချီးမြှင့်တယ်လို့လည်း ထင်မြင်မိပါတယ်။

အပြောင်းအလွဲကိစ္စတစ်လျှောက်မှာ ပြီးခဲ့တဲ့ အပတ်ကထိ သမ္မတရုံးမှာ အစည်းအဝေး ငါးကြိမ်လုပ်ခဲ့တယ်။ အသွင်ကူးပြောင်းရေးကို အဆင်ပြေပြေနဲ့ ကူးပြောင်းချင်တယ်။ ဒါကြောင့် သူတို့ကို ဘာမှထွေထွေထူးထူးမတောင်းဆိုဘူး။ ကျွန်တော်တို့ဘက်က ဝန်ကြီးဌာန ၃၆ ခုကို ပေါင်းမယ်။ ပေါင်းတဲ့ဌာနတွေကို သူတို့ကို ပြောမယ်ဆိုပြီးတော့ ဆွေးနွေးခဲ့တယ်။ သူတို့ဘက်ကလည်း ဝန်ကြီးဌာနတိုင်း အဆောက်အအုံကအစ ဘတ်ဂျက်တွေ၊ နောက်လုပ်မယ့် စီမံကိန်းတွေ အားလုံးပဲ သူတို့ ပြင်ဆင်ထားတယ်။ ပြင်ဆင်ထားတဲ့အကြောင်းလည်း ကျွန်တော်တို့ကို ပြောတယ်။

သူတို့ ပြင်ဆင်ထားမယ်ဆိုတာ ကျွန်တော်တို့ ယုံကြည်တယ်။ သူတို့ဘက်ကလည်း ဘာမှ အထွေအထူး မတောင်းဆိုဘူး။ အသွင်ကူးပြောင်းမယ့် ၃၀ ရက်နေ့ မတိုင်ခင်မှာ ကျွန်တော်တို့ ဝန်ကြီးတွေက တာဝန်ယူရတော့မှာဖြစ်တဲ့အတွက် ဟိုဘက်က ဝန်ကြီးတွေနဲ့တွေ့ဖို့ အစီအစဉ်ဆွဲတယ်။ ကျွန်တော်တို့ ဝန်ကြီးတွေနေဖို့၊ ထိုင်ဖို့အတွက်



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးဝင်းထိန်

နေရာထိုင်ခင်းတွေ သွားကြည့်တယ်။ ဒီကိစ္စကတော့ အထွေအထူးပြောစရာမရှိလှပါဘူး။

**မေး။ အစိုးရနှစ်ရပ်အကြား အဆင်ပြေပြေနဲ့ တာဝန်တွေ လွှဲပြောင်းနိုင်ခဲ့တယ်။ ဒီအပေါ်မှာ တာဝန်လွှဲပြောင်းပေးသွားတဲ့ အစိုးရဟောင်းရဲ့ အခန်းကဏ္ဍ ပါဝင်မှုကိုလည်း ပြောပြပေးစေလိုပါတယ်။**

ဖြေ။ အေးအေးချမ်းချမ်းနဲ့ တာဝန်လွှဲပြောင်းတဲ့ ဖြစ်စဉ်ဟာ မြန်မာနိုင်ငံမှာ နှစ်ပေါင်း ၅၀ လောက် ဆိတ်သုဉ်းခဲ့တယ်။ အဲဒီလို ဆိတ်သုဉ်းတဲ့ဖြစ်စဉ်ကနေ အခုလို အဆင်ပြေပြေနဲ့ လွှဲပြောင်းနိုင်တာ အတူပါဝင်ကြတဲ့ သူတွေရဲ့ ပံ့ပိုးမှုတွေကြောင့်ပါ။

ပြီးတော့ တစ်ဖက်က ပါဝင်တဲ့ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ဦးရဲထွဋ်တို့ရဲ့ ပူးပေါင်းကူညီမှုကိုလည်း တန်ဖိုးထားပါတယ်၊ အသိအမှတ်ပြုပါတယ်၊ ချီးကျူးမိပါတယ်။ အဓိကကတော့ သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်တဲ့ အစိုးရက သမ္မတ ဦးထင်ကျော် ခေါင်းဆောင်တဲ့ အစိုးရထံကို အဆင်ပြေပြေနဲ့ တာဝန်လွှဲပြောင်းနိုင်ခဲ့ပါတယ်။ ကောင်းမွန်တဲ့ သင်ခန်းစာတွေ ရရှိခဲ့ပါတယ်။

**မေး။ အစိုးရသစ်အတွက် စိန်ခေါ်မှုဖြစ်စေနိုင်တဲ့ အခြေအနေတွေကိုလည်း သုံးသပ်ပြောကြားပေးစေလိုပါတယ်။**

ဖြေ။ ဒီလို သမ္မတတာဝန်အလွှဲအပြောင်းကို လွှတ်တော်ချန်နယ်ကနေလည်း တိုက်ရိုက်ထုတ်လွှင့်တဲ့အတွက် လွှတ်တော်လိုင်းကို ကြည့်တဲ့သူတွေ များလာတယ်လို့ သိရပါတယ်။ ဒါကဘာလဲဆိုတော့ အစိုးရဖြစ်စဉ်ကို ပြည်သူတွေ စိတ်ဝင်စားကြတယ်ဆိုတဲ့ သိသာစေတဲ့အချက်တစ်ခုပါ။

> **အထိုက်အလျောက် အောင်မြင်ခဲ့တဲ့ အုပ်ချုပ်ရေး ယန္တရားပြုပြင်ဖို့နဲ့ အဂတိတရားလျှော့ပါးရေးမှာ ကျွန်တော်တို့က ဆက်ပြီးအောင်မြင်အောင် လုပ်ဆောင်ရမယ်။**

ကျွန်တော်တို့ ရွေးချယ်ထားတဲ့ အစိုးရအဖွဲ့၊ ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပုဂ္ဂိုလ်တွေဟာ အရည်အချင်းရှိတဲ့ ပုဂ္ဂိုလ်တွေပါ။ ဒါပေမယ့် တချို့ကတော့ အတွေ့အကြုံသိပ်မရှိသေးဘူး။ ဒီထဲမှာ တိုင်းပြည်ကို တိုးတက်စေချင်တဲ့ စေတနာကတော့ အဓိက ပါနေပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က အဂတိလိုက်စားမှုကင်းရှင်းရေးကို အဓိကမှာကြားထားပါတယ်။ ဒါတွေဟာ ရည်ရွယ်ချက်ကောင်းတွေဖြစ်တဲ့အတွက် ပြည်သူလူထုက ကျွန်တော်တို့ရဲ့ ခေါင်းဆောင်တွေကို နားလည်လိမ့်မယ်လို့ ထင်ပါတယ်။

နောက်တစ်ချက်က ဒေါ်အောင်ဆန်းစုကြည်နဲ့ ရွေးချယ်ထားတဲ့ ပြည်ထောင်စုဝန်ကြီးတွေ တွေ့ဆုံတဲ့အခါ တိုင်းပြည်အတွက် အစိုးရတာဝန်စယူတဲ့ ရက်ပေါင်း ၁၀၀ အတွင်းမှာ သိသာထင်ရှားတဲ့အလုပ်တွေ ကြိုးစားလုပ်မယ်။ နောက်ပြီးတော့ ခြောက်လ၊ တစ်နှစ်အဖြစ် ဦးစားပေးဆောင်ရွက်မယ်။ ဌာနတိုင်း ပြင်ဆင်တာတွေ ရှိနေပါပြီ။

ပြုပြင်ပြောင်းလဲမှုကို သမ္မတ ဦးသိန်းစိန် လက်ထက်ကတည်းက လုပ်ခဲ့ပါတယ်။ သူ့လက်ထက်မှာ နိုင်ငံရေး၊ စီးပွားရေး ပွင့်လင်းမှုတွေ ရှိလာတယ်။ မီဒီယာပွင့်လင်းမှုတွေ ရှိလာတယ်။ ဒါတွေကို ပြုပြင်ပြောင်းလဲနိုင်ခဲ့တယ်။ ဒါပေမယ့် အုပ်ချုပ်ရေးယန္တရားပြုပြင်ဖို့နဲ့ အဂတိတရားလျှော့ပါးရေးမှာ အထိုက်အလျောက် မအောင်မြင်ခဲ့ဘူး။ ဒါကို သူတို့ကို အပြစ်တင်လို့ မရဘူး။ သူတို့ တတ်နိုင်သမျှလုပ်ခဲ့တယ်။

သူတို့ အထိုက်အလျောက် အောင်မြင်ခဲ့တဲ့ အုပ်ချုပ်ရေးယန္တရားပြုပြင်ဖို့နဲ့ အဂတိတရား လျှော့ပါးရေးမှာ ကျွန်တော်တို့က ဆက်ပြီးအောင်မြင်အောင် လုပ်ဆောင်ရမယ်။

ပြီးတော့ အမျိုးသားရင်ကြားစေ့ရေးပါ။ အမျိုးသားရင်ကြားစေ့ရေးမှာ တပ်မတော်ရော၊ တိုင်းရင်းသားအဖွဲ့တွေရော အားလုံးပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် တပ်မတော်ကို သံယောဇဉ်ရှိတယ်။ တပ်မတော်နဲ့ ပူးပေါင်းဆောင်ရွက်မယ်။ တပ်မတော်ခေါင်းဆောင်ကလည်း ပူးပေါင်းဆောင်ရွက်မယ်လို့ ကတိပေးတယ်။ နိုင်ငံတိုးတက်ဖို့အတွက်ဆောင်ရွက်တဲ့အခါ ပြည်သူလူထု



နိုင်ငံတော်အကြီးအကဲတာဝန်လွှဲပြောင်းမှုအထောက်အကူပြုကော်မတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အသွင်ကူးပြောင်းရေးအဖွဲ့တို့ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်က ဆွေးနွေးနေပုံ။

စားဝတ်နေရေးအဆင်ပြေဖို့ ဆောင်ရွက်တာဟာ စိန်ခေါ်မှုတစ်ခုထဲမှာပါပါတယ်။

**မေး။ ဒီနေ့ တွေ့ဆုံမေးမြန်းမှုကနေ ဆရာ့ရဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့မှာ ပါဝင်မှုဖြစ်စဉ်ကိုလည်း သိရှိလိုပါတယ်။**

ဖြေ။ ကျွန်တော်က ၁၉၄၁ ခုနှစ် ဒီဇင်ဘာလမှာ မိတ္ထီလာမြို့နယ် အလယ်ရွာမှာ မွေးဖွားခဲ့ပါတယ်။ မိတ္ထီလာ အထက(၁)ကနေ အထက်တန်းအောင်မြင်ပြီးတော့ စစ်တက္ကသိုလ်အပတ်စဉ်(၅)မှာ တက်ရောက်ခဲ့ပါတယ်။ စစ်တက္ကသိုလ်ကနေ အောင်စစ်သည်ဆု၊ စာပေထူးချွန်ရွှေတံဆိပ်ဆု နှစ်ခုရရှိခဲ့တယ်။ စစ်တက္ကသိုလ်သမိုင်းမှာ အောင်မြင်မှုရရှိခဲ့တဲ့ မှတ်တမ်းတစ်ခုပါ။

တာဝန်ထမ်းဆောင်တဲ့အခါ မြစ်ဝကျွန်းပေါ်တပ်ကို ရောက်တယ်။ ဒီအချိန်မှာ တော်လှန်ရေးကောင်စီတက်တဲ့အတွက် အသက်ငယ်ငယ်နဲ့ တာဝန်ကြီးကြီးတွေ ထမ်းဆောင်ခဲ့ရတယ်။ ခြေလျင်တပ်မှာ ငါးနှစ် တာဝန်ထမ်းဆောင်ခဲ့ပြီးတော့ မြစ်ဝကျွန်းပေါ်၊ ပဲခူးရိုးမ၊ အရှေ့မြောက်ဒေသစစ်ဆင်ရေးတွေမှာ ပါဝင်ထမ်းဆောင်ခဲ့ရတယ်။ အသက်မသေရုံအန္တရာယ်ကြား ကျရောက်ခဲ့တာတွေ ရှိခဲ့ပါတယ်။

အဲဒီကမှ လူကြီးတွေ ရွေးချယ်လို့ စစ်ရုံးရောက်ပြီး ၁၉၆၉ ခုနှစ်ကနေ ၁၉၇၇ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ဒီကနေ တပ်ရင်းပြန်ပြီး တာဝန်ထမ်းဆောင်ချင်တယ်ဆိုတော့ လူကြီးတွေက ခွင့်မပြုဘူး။



မတ် ၃၀ ရက်ကပြုလုပ်သော နိုင်ငံတော်သမ္မတတာဝန်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က သမ္မတသစ် ဦးထင်ကျော်ထံ နိုင်ငံတော်သမ္မတ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို လွှဲပြောင်းပေးအပ်သည့် ကြေညာချက်အားပေးအပ်စဉ်။

နောက်ဆုံးကျတော့ အုန်းကျော်မြင့်နဲ့ အပေါင်းအသင်းတွေက လူကြီးတွေကို လုပ်ကြံမယ်ဆိုတဲ့အထဲမှာ ကျွန်တော်ပါတယ်ဆိုပြီး ခြောက်လအချုပ်နဲ့ တပ်ကနေအထုတ်ခံရတယ်။ တကယ်တော့ သူတို့ရဲ့ လုပ်ဆောင်ချက်တွေ သဘောမကျလို့ မပါဝင်ခဲ့ပါဘူး။ ဒါပေမယ့် သူတို့ လုပ်မယ်ဆိုတာတော့ သိတယ်။ သိတဲ့ဟာကို သတင်းမပို့ခဲ့ဘူး။

ဥပဒေအရ အပြစ်ရှိတယ်။ နိုင်ငံတော်လုပ်ကြံမှုကို ကြားရင်ကို သတင်းပို့ရမယ်၊ မပို့ရင် ကြံရာပါဆိုတာကို မသိခဲ့ဘူး။ နောက်တစ်ချက်က ကိုယ်ပြောလိုက်လို့ သူတို့တွေလည်း ဒုက္ခရောက်မလားဆိုပြီး စာနာမှုကြောင့်လည်း ပါတယ်။

၁၉၇၇ ခုနှစ်ကနေ တပ်ကထွက်ပြီး ၁၉၈၈ ခုနှစ်ထိ စီးပွားရေးလုပ်တယ်။ စီးပွားရေးက အောင်မြင်ခဲ့တယ်။ ၁၉၈၈ ခုနှစ် ပြည်သူလူထုအုံကြွတဲ့အခါ အဲဒီတုန်းက မျိုးချစ်ရဲဘော်ဟောင်းများခေါ်တဲ့ အဖွဲ့ထဲကနေ အရေးတော်ပုံထဲ ပါခဲ့တယ်။

နောက် NLD ဖွဲ့တဲ့ အချိန်ကစပြီး ပါခဲ့တယ်။ အဲဒီကနေ ဒေါ်အောင်ဆန်းစုကြည်ရဲ့ စည်းရုံးရေးခရီးစဉ်တိုင်းမှာ ပါဝင်ခဲ့တယ်။ ဘာလို့လဲဆိုတော့ အဲဒီအချိန်တုန်းက နဝတခေတ်ဖြစ်တဲ့အတွက် တပ်ပိုင်းဆိုင်ရာနဲ့ ဆက်ဆံဖို့အတွက် ကျွန်တော့်ကိုတာဝန်ပေးထားတယ်။

ဒေါ်အောင်ဆန်းစုကြည်ဟာ နိုင်ငံကို ခေါင်းဆောင်နိုင်တဲ့ ပုဂ္ဂိုလ်ဖြစ်မယ်ဆိုတာ သူ့ရဲ့ အရည်အချင်းတွေကနေ တစ်ဆင့် ယုံကြည်လို့ ရာထူးမပါဘဲနဲ့ ရုံးဝန်ထမ်းအနေနဲ့ အစအဆုံးပါဝင်ဆောင်ရွက်ပေးခဲ့တယ်။ ၁၉၈၉ ခုနှစ် ဇူလိုင် ၂၀ ရက်မှာ ထောင်ချခံရတယ်။ ငါးနှစ်ခွဲကြာခဲ့တယ်။ ၁၉၉၅ ခုနှစ်မှာ ပြန်လွတ်တဲ့အခါမှာလည်း ဒေါ်အောင်ဆန်းစုကြည်အတွက် ပြန်ပြီးလုပ်ဆောင်ပေးတယ်။

၁၉၉၆ ခုနှစ် ရွေးကောက်ပွဲလုပ်မယ်ဆိုတဲ့အချိန်မှာ NLD အားလုံး အဖမ်းခံရတဲ့အတွက် ထောင်ထဲ ပြန်ရောက်သွားတယ်။ ၁၉၉၆ ခုနှစ်ကနေ ၂၀၁၀ ခုနှစ်အထိ ၁၄ နှစ်အတွင်း အင်းစိန်၊ မိတ္ထီလာ၊ မြင်းခြံ၊ မန္တလေးနဲ့ ကသာ ထောင်ငါးခု ပြောင်းရွှေ့ခံရတယ်။ ထူးခြားတာတစ်ခုက ၂၀၀၈ ခုနှစ် စက်တင်ဘာမှာ ကသာထောင်ကနေ ကျွန်တော့်ကို လွှတ်ပြီဆိုပြီးတော့ အပြင်က တည်းခိုခန်းမှာ ထားတယ်။ နောက်နေ့မှာ ဆွေးနွေးစရာရှိတယ်လို့ လာခေါ်သွားပြီး ထောင်ထဲ ပြန်ရောက်သွားခဲ့တယ်။

ကျွန်တော် ထူးခြားပြီး စိတ်ထိခိုက်မှု မဖြစ်ပေါ်ခဲ့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့မှာ အဲဒီလို လုပ်နိုင်စွမ်းရှိတယ်ဆိုတာ ကျွန်တော်သိပြီးသားမို့ပါ။ ကျွန်တော့်မိသားစုက စိတ်ထိခိုက်ကြတာပေါ့။ လူတစ်ယောက်ကို ဒီနေ့ထောင်က လွှတ်ပြီး နောက်နေ့ထောင်ထဲ ပြန်ထည့်တယ်ဆိုတာ အင်မတန်မဖြစ်သင့်တဲ့ကိစ္စပါ။ နိုင်ငံရေးအရ ကြည့်ရင် ဆိုးရွားပေမယ့် စိတ်ထိခိုက်မှုနည်းခဲ့တယ်။

သူတို့ ထောင်ချတာ ၁၄ နှစ် ဆိုပေမယ့် ၁၄ နှစ်ကျော် နေခဲ့ရပြီးတော့ ၂၀၁၀ ခုနှစ်မှာ ထောင်က လွတ်တယ်။ လွတ်တဲ့အခါမှာလည်း ဒေါ်အောင်ဆန်းစုကြည်ဆီပဲ ပြန်ပြီးလုပ်တယ်။ သူတို့ကတော့ အမှတ်မရှိဘူး ပြောကြတယ်။ နိုင်ငံရေးသမားတွေ ထောင်ကျပြီး ပြန်လွတ်လာတဲ့အခါ စီးပွားရေး၊ လူမှုရေး စသဖြင့် ဆုံးရှုံးမှုတွေ အများကြီးရှိပါတယ်။ ကျွန်တော်ကိုယ်တိုင်မှာကို ကျွန်တော့်ဆီမောင်နှမသားချင်းတွေ မလာရဲကြဘူး။ လာရင်ပြုတ်မှာကိုး။ နိုင်ငံရေးသမားတွေ ထောင်ကထွက်တဲ့အခါ နိုင်ငံရေးယုံကြည်ချက်တွေ ပြောင်းသွားတာ၊ စီးပွားပျက်သွားတာ၊ ရှုံးသွားတာ အများကြီးရှိပါတယ်။

ကျွန်တော်ကတော့ ကံအားလျော်စွာ ဘာသာရေးအမြင်၊ နိုင်ငံရေးအမြင်နဲ့ လူမှုရေးအမြင်တွေနဲ့ ယုံကြည်မှုကို ထိန်းသိမ်းနိုင်တဲ့အတွက် ပြန်လွတ်တိုင်း ဒေါ်အောင်ဆန်းစုကြည်ဆီမှာပဲ ကူညီခဲ့တယ်။ ၂၀၁၂ ရွေးကောက်ပွဲဝင်တဲ့အထိ ကျွန်တော်တို့ NLD ဟာ အချိန်မရွေး ခြိမ်းခြောက်ခံရနိုင်တဲ့အနေအထား၊ နောက်တော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးသိန်းစိန်တွေ့တယ်။ လိုချင်တဲ့အချက်တွေ ပြင်ပေးတယ်။ ၂၀၁၂ ကြားဖြတ်ကနေ လွှတ်တော်ထဲဝင်တဲ့အခါ အစိုးရနဲ့ ပေါင်းသွားပြီဆိုပြီး အပြောခံရတာတွေရှိတယ်။

ကျွန်တော်ကတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ သဘောကိုသိတယ်။ သူ့ရဲ့ အနာဂတ်မြန်မာနိုင်ငံမှာ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံဖြစ်ရမယ်ဆိုတဲ့ ရည်မှန်းချက်ကို မမှိတ်မသုန်ဆောင်ရွက်တယ်ဆိုတာ သိတယ်။ ဒါကြောင့်သာ လွှတ်တော်မှာရော၊ အစိုးရအဖွဲ့မှာရော အများစုပါဝင်နိုင်တဲ့ အနေအထားနဲ့ တာဝန်ယူနိုင်ခဲ့ခြင်းဖြစ်တယ်။

ဒီလိုတာဝန်ယူတဲ့အခါ အမျိုးသားရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေးရရှိရေးနဲ့ ပြည်သူလူထုရဲ့ စားဝတ်နေရေးအခြေအနေမြင့်မားတိုးတက်ဖို့ ရည်မှန်းချက်ထား ဆောင်ရွက်သွားမယ်။

**အခုလို စိတ်ရှည်လက်ရှည်ဖြေကြားပေးတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်။**

# ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က နိုင်ငံတော်သမ္မတ ဦးထင်ကျော်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်ထုတ်ပြန်

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သမ္မတတာဝန် စတင်ထမ်းဆောင်သည့် နိုင်ငံတော်သမ္မတကြီး ဦးထင်ကျော်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူက မတ် ၃၀ ရက်တွင် ကြေညာချက်တစ်စောင် ထုတ်ပြန်သည်။

ဒီမိုကရေစီနှင့်စပ်လျဉ်းပြီး မြန်မာနိုင်ငံသမိုင်းတွင် ထင်ရှားသော မှတ်တိုင်တစ်ခုအဖြစ် မြန်မာနိုင်ငံသူ နိုင်ငံသားများအပေါ် ထားရှိသော ကတိကဝတ်ကို ဖော်ဆောင်မှုသက်သေဖြစ်သည့် တည်ငြိမ်အေးချမ်းစွာဖြင့် အာဏာလွှဲပြောင်းခြင်းကိုလည်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ကြိုဆိုခဲ့ပါသည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က မြန်မာနိုင်ငံ၏ ခေါင်းဆောင်အသစ်နှင့် အခြားအရေးပါသော တာဝန်ရှိသူများအနေဖြင့် စုစည်းပါဝင်မှုရှိသည့် ဒီမိုကရေစီလမ်းကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ လူမှုစီးပွားတိုးတက်ရေးတို့ကို တိုးမြှင့်ဖော်ဆောင်သွားမည်ဟု မျှော်လင့်ကြောင်းကိုလည်း ထပ်လောင်းပြောကြားခဲ့သည်။

ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံပြည်သူအားလုံး၏ အကျိုးအတွက် ငြိမ်းချမ်းရေးတည်ဆောက်မှု၊ ဖွံ့ဖြိုးရေးဆောင်ရွက်မှု၊ လူ့အခွင့်အရေးမြှင့်တင်မှုနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများတွင် ဆက်လက်၍ကူညီသွားရန် အဆင်သင့်ရှိနေကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ပြောကြားခဲ့သည်။ **(ကြေးမုံ)**


ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်း

# မိုးကြိုကာလ လေပြင်းတိုက်ခတ်မည်

**နေပြည်တော် ဧပြီ ၁**

မြန်မာနိုင်ငံအရပ်ရပ်တွင် အနောက်တောင်မုတ်သုံရာသီ မကျရောက်မီ မိုးကြိုကာလအတွင်း နေ့အပူချိန်များ မြင့်တက်လာရာမှ မွန်းလွဲ၊ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်ပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် လေပြင်းများ တိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင် ရေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

ပြည်သူများအနေဖြင့် မုတ်သုံရာသီ မကျရောက်မီ မိုးကြိုကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များအား အထူးဂရုပြု နေထိုင်သွားကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတိပေးနှိုးဆော်ထားသည်။ **(ကြေးမုံ)**

# ယာဉ်သွားလာခွင့် ယာယီပိတ်မည်

**နေပြည်တော် ဧပြီ ၁**

၂၀၁၄-၂၀၁၅ ခုနှစ်အတွက် ရုပ်ရှင်ထူးချွန်ဆုပေးပွဲအခမ်းအနားကို ဧပြီ ၃ ရက် ညနေ ၅ နာရီတွင် စမ်းချောင်းမြို့နယ် ရှင်စောပုလမ်းရှိ "Myanmar Event Park"၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားကျင်းပစဉ် ပြည်လမ်းနှင့် ရှင်စောပုလမ်းဆုံမှ ဗဟိုလမ်းနှင့် ရှင်စောပုလမ်းဆုံအထိ ရှင်စောပုလမ်းအား ဧပြီ ၃ ရက် မွန်းလွဲ ၁ နာရီမှ စတင်၍ ယာဉ်သွားလာခွင့်ကို ယာယီပိတ်သိမ်းသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ ယာဉ်မောင်းသူများသိရှိနိုင်ရန် အသိပေးနှိုးဆော်ထားသည်။ **(ကြေးမုံ)**

**❖ နိုင်ငံတော်မှ**

အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းရာတွင် ယခုဥပဒေကြမ်းကို ပါတီစုံဒီမိုကရေစီစနစ် တည့်တံ့ထွန်းကားရေး၊ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံး၍ ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်နိုင်ရေး၊ စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကို ခိုင်မာစွာတည်ဆောက်နိုင်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး စသည့် ရည်ရွယ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တင်သွင်းခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိရပါကြောင်း။

အတိုင်ပင်ခံပုဂ္ဂိုလ်၏တာဝန်နှင့် လုပ်ပိုင်ခွင့်များထဲတွင် အကြံပြုချက်များ ပေးအပ်ခြင်းသာပါရှိပြီး ယင်းသည် ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ လမ်းညွှန်မှုပြုခြင်း မဟုတ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် သက်ဆိုင်ရာအစိုးရအဖွဲ့၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ လူပုဂ္ဂိုလ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က လိုအပ်သည့်အကြံပြုချက်များ ပေးအပ်၍ အဆိုပါ အကြံပြုချက်များနှင့် ဆောင်ရွက်ချက်များကို ပြည်ထောင်စုလွှတ်တော်သို့ တာဝန်ခံရမည်ဖြစ်သည်ကိုလည်း လေ့လာတွေ့ရှိရပါကြောင်း ရှင်းလင်းသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့် တင်သွင်းထားသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၄)ဦးနှင့် တပ်မတော်သားကိုယ်စားလှယ် (၃)ဦးတို့က ဆွေးနွေးကြသည်။

တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ခင်မောင်အေးက ယခု ဆွေးနွေးလျက်ရှိသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေ(မူကြမ်း)သည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားများကို ပံ့ပိုးဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ပြဋ္ဌာန်းသည်ဆိုသော်လည်း ပါတီအမည်ဖော်ပြထားသော လူပုဂ္ဂိုလ်တစ်ဦးတည်းအား ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးအာဏာနှစ်ရပ်စလုံးကို အပ်နှံသည့်သဘော သက်ရောက်နေခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အဓိက အခြေခံမူတစ်ရပ်ဖြစ်သည့် ပုဒ်မ ၁၁(က)ပါ "နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းခြင်းတို့ပြုသည်" ဟူသည့် ပြဋ္ဌာန်းချက်ကို ထိခိုက်ပျက်ပြားစေခြင်း၊ ယခုဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များ၏ အနက်အဓိပ္ပာယ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခြေခံမူများနှင့် ဆန့်ကျင်ကွဲလွဲနေခြင်းတို့ကြောင့် ဥပဒေတစ်ရပ်အဖြစ် ပြဋ္ဌာန်းမည်ဆိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်စေရန် ပြင်ဆင်ရေးဆွဲပြီးမှသာ ပြဋ္ဌာန်းသင့်ပါကြောင်း ဆွေးနွေးသည်။


ရခိုင်ပြည်နယ် မဲဆန္ဒနယ်
အမှတ်(၇)မှ ဦးကျော်သိန်း


ကရင်ပြည်နယ် မဲဆန္ဒနယ်
အမှတ်(၅)မှ ဦးစိုင်းသန်းနိုင်


ရခိုင်ပြည်နယ် မဲဆန္ဒနယ်
အမှတ်(၅)မှ ဦးမြင့်နိုင်

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ ဦးကျော်သိန်းက ဤဥပဒေသည် ဥပဒေတစ်ရပ်၏ အင်္ဂါရပ်နှင့် မညီညွတ်ဟု ယူဆရပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်လည်း ပတ်သက်ဆက်နွှယ်နေသဖြင့် ဤဥပဒေကို ပြဋ္ဌာန်းရန် သင့်၊ မသင့်ကို အခြေခံဥပဒေဆိုင်ရာခုံရုံးသို့တင်ပြ၍ အဆုံးအဖြတ်ရယူရန် တင်ပြအပ်ပါကြောင်း ဆွေးနွေးသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းသန်းနိုင်က ယခုဥပဒေကြမ်းကို ဥပဒေတစ်ရပ်အနေဖြင့် ပြဋ္ဌာန်းခြင်းမပြုဘဲ အမိန့်ညွှန်ကြားချက်ထုတ်ပြန်ပြီး ဆောင်ရွက်သင့်ပါကြောင်း၊ ဥပဒေပညာရှင်များနှင့် တိုင်ပင်နှီးနှောပြီး စဉ်းစားဆောင်ရွက်သင့်ပါကြောင်း၊ အထူးသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးထံမှ အကြံဉာဏ်ရယူသင့်ပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီး မြင့်ဆွေက အမျိုးသားလွှတ်တော်သို့ တင်သွင်းသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းသည် ဥပဒေအကြောင်းခြင်းရာအရ တည်ဆဲနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပါပြဋ္ဌာန်းချက်များကို ကျော်လွန်အဓိပ္ပာယ်သက်ရောက်နေသဖြင့် လည်းကောင်း၊ အကြောင်းခြင်းရာအားဖြင့် လည်းကောင်း အဓိပ္ပာယ်ဖွင့်ဆိုချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်နေသည်ကို တွေ့ရှိရပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းမည်ဆိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်စေရန် ပြင်ဆင်ရေးဆွဲပြီးမှသာ ပြဋ္ဌာန်းသင့်ပါကြောင်း ဆွေးနွေးသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်က ဥပဒေကြမ်း၏ စာမျက်နှာ(၂)တွင်ပါရှိသော ပုဒ်မ (၃)(က)ပြဋ္ဌာန်းချက်ပါ စကားရပ်ကို "ပါတီစုံဒီမိုကရေစီစနစ်ရှင်သန်ဖွံ့ဖြိုးရေး"ဟု ပြင်ဆင်လိုပါကြောင်း၊ ထို့ကြောင့် ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ဖွံ့ဖြိုးရန် လိုအပ်နေသည့်အတွက် "ထွန်းကားရေး" ဆိုသည့် စကားရပ်အစား "ရှင်သန်ဖွံ့ဖြိုးရေး" ဟု ပြင်ဆင်သင့်ကြောင်း၊ စာမျက်နှာ(၂)၏ ပုဒ်မ (၄)တွင် "၂၀၁၅ ခုနှစ်ဆိုသည့် ခုနှစ်သက္ကရာဇ်ကိုဖြုတ်ပြီး "ထောက်ခံမဲရရှိခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်" ဟူသောစကားရပ်ကို "ထောက်ခံမဲရရှိသည့် အနိုင်ရပါတီ၏ ဥက္ကဋ္ဌ"စကားရပ်ဖြင့် အစားထိုးသင့်ကြောင်း၊ ဥပဒေတစ်ခုကို ပြဋ္ဌာန်းရာတွင် ရေရှည်အတွက်လည်း မျှော်ကိုးရမည်ဖြစ်ပါကြောင်း၊ ပုဒ်မ(၇)၏ ပြဋ္ဌာန်းချက်ကို ပယ်ဖျက်သင့်ပါကြောင်း ဆွေးနွေးသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်က ဥပဒေများကို ယခုကဲ့သို့ အချိန်တိုကာလအတွင်း လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက် သတ်မှတ်ပြဋ္ဌာန်းထုတ်ပြန်ခြင်းမျိုး မတွေ့ဖူးကြောင်း၊ ဥပဒေတစ်ရပ်သည် ရေရှည်မျှော်ကိုးပြီး နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ရှင်သန်နေသည့် ဥပဒေဖြစ်ခြင်းသည် ပိုမိုသင့်တော် ကောင်းမွန်မည်ဖြစ်ပါကြောင်း၊ ယခု ဒုတိယအကြိမ် လွှတ်တော်သက်တမ်းအတွင်း နိုင်ငံတော်သမ္မတ၏ သက်တမ်းကာလအတွက် ရည်ရွယ်ဖော်ပြထားသော်လည်း ဒေါ်အောင်ဆန်းစုကြည်အတွက် တမင်ဖော်ပြချက်ဟု စွပ်စွဲလာနိုင်ပါကြောင်း၊ ယခု အာဏာရပါတီ NLD အစိုးရလက်ထက်တွင် အစောဆုံး တင်သွင်းလာသည့် ဥပဒေမှာ နိုင်ငံတော်သမ္မတ၏ အတိုင်ပင်ခံလုပ်နိုင်ရန် ဒေါ်အောင်ဆန်းစုကြည်ကို ရည်ရွယ်ပြဋ္ဌာန်းသည့် ဥပဒေဖြစ်နေခြင်းသည် NLD ပါတီ၏ တရားမျှတမှု၊ ဖြောင့်မတ်မှန်ကန်မှုကို ထိခိုက်နေမည်လားဟု စဉ်းစားရန် သင့်ကြောင်း အကြံပြုလိုပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီး လှဝင်းအောင်က ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၃၂(ဇ)တွင် "ပြည်ထောင်စုဝန်ကြီးများသည် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်"ဟု ပြဋ္ဌာန်းထားသည့်အတွက် ပြည်ထောင်စုဝန်ကြီးဖြစ်သူသည် နိုင်ငံတော်သမ္မတကိုသာ တာဝန်ခံရန်ဖြစ်ပြီး ပြည်ထောင်စုလွှတ်တော်သို့ တာဝန်ခံရန် ဖော်ပြချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်နေပါကြောင်း။ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၂၃ တွင် ပြဋ္ဌာန်းထားချက်အရ နိုင်ငံတော်သမ္မတက လိုအပ်သည့် အကြံဉာဏ်များ ရယူနိုင်ရေးအတွက် အကြံပေးအဖွဲ့ကို သင့်လျော်သည့် လူဦးရေဖြင့် ဖွဲ့စည်းနိုင်မည်ဖြစ်သကဲ့သို့ ဥပဒေပြုရေးကဏ္ဍနှင့် စပ်လျဉ်း၍လည်း အမျိုးသားလွှတ်တော်ဥပဒေပုဒ်မ ၃၂ အရ လွှတ်တော်အသီးသီး၏ လုပ်ငန်းများကို အထောက်အကူပြု အကြံဉာဏ်ပေးနိုင်ရန် ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့ဝင်များ ဖွဲ့စည်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း တွေ့ရှိရသဖြင့် ယခုဥပဒေကြမ်းကို ပြဋ္ဌာန်းရန်ပင် မလိုအပ်သည်ကို တွေ့ရှိရပါကြောင်း ဆွေးနွေးသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းက ယင်းဥပဒေကြမ်းအား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၇ တွင် ပြဋ္ဌာန်းထားသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းကိုအတည်ပြုရန် အဆိုတင်သွင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ကန့်ကွက်သည့်လွှတ်တော်ကိုယ်စားလှယ်ရှိသည့်အတွက် စက်ခလုတ်အသုံးပြု၍ ဆန္ဒရယူရာ ထောက်ခံမဲ(၁၃၇)မဲ၊ ကန့်ကွက်မဲ(၇၀)၊ ကြားနေမဲ (၂)မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲများသည့်အတွက် ယင်းဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။ **(သတင်းစဉ်)**

# လူ့အခွင့်အရေးနှင့်ပတ်သက်ပြီး သတင်းအချက်အလက်များကို ပြည်သူလူထုသို့ပျံ့နှံ့ရေး ဆွေးနွေး

**နေပြည်တော် မေ ၁**

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်းသည် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး OHCHR အဖွဲ့မှ Senior Human Rights Officer, Mr. Andrew MacGregor နှင့်အဖွဲ့အား မေ ၁ ရက် မွန်းတည့် ၁၂ နာရီတွင် လွှတ်တော် ရေးရာဆောင် အဆောင်အမှတ်(I-1)၌ တွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံပွဲသို့ နိုင်ငံတကာဆက်ဆံရေးကော်မတီမှ အတွင်းရေးမှူး ဦးဘိုဘိုဦးနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံရာတွင် လူ့အခွင့်အရေးနှင့်ပတ်သက်ပြီး သတင်းအချက်အလက်များကို လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် ပြည်သူလူထုသို့ ပျံ့နှံ့ရေး၊ လူ့အခွင့်အရေးနှင့် ပတ်သက်သော စာအုပ်စာတမ်းများကိုလိုအပ်ပါက ကူညီပံ့ပိုးရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**



# ကြေးမုံဟာ အခုဆိုရင် ပြည်သူတွေရဲ့အသံ၊ ပြည်သူတွေရဲ့ခံစားချက်ကို ဖော်ပြတဲ့သတင်းစာအဖြစ် ကျွန်တော်ပြန်လည်ပြီးတွေ့လိုက်ရပါတယ်။ ဒါဟာ နှစ်ပေါင်း ၅၀ အတွင်းမှာ ထူးခြားတဲ့ဖြစ်ရပ်ဖြစ်သလို ဒီမိုကရေစီရရှိရေးအတွက် ရုန်းကန်ခဲ့ရတဲ့ နိုင်ငံသားတွေရဲ့ အောင်ပွဲလို့ ယူဆမိပါတယ်။

(ကိုဇော်သက်ထွေး၊ မြန်မာနိုင်ငံ စာနယ်ဇင်းသမဂ္ဂ ဦးဆောင်အဖွဲ့ဝင်)

(တွေ့ဆုံမေးမြန်း- သီသီမင်း/ဓာတ်ပုံ-စိမ်းခက်)

**ကိုဇော်သက်ထွေး (မြန်မာနိုင်ငံ စာနယ်ဇင်းသမဂ္ဂ ဦးဆောင်အဖွဲ့ဝင်)**

ဒီနေ့မနက် အိပ်ရာကနိုးတော့ အိမ်မှာရောက်နေတဲ့ ကြေးမုံသတင်းစာမှာ ပထမဆုံးတွေ့ရတာက အနီရောင်အောက်ခံနဲ့ လိုဂိုကို လုပ်ထားတာတွေ့ရတာ။ မျက်နှာဖုံးစာသားတွေကလည်း အရင်နဲ့မတူတော့ဘူး။

စာမျက်နှာ ၂ ကိုလည်းလှန်လိုက်ရော ကိုအော်ပီကျယ်ရဲ့ ကာတွန်းလေးတွေ့ရတယ်။ တော်တော်အံ့သြသွားတယ်။ စာမျက်နှာ ၃ မှာ ကိုမင်းကိုနိုင်ရဲ့ ကဗျာ၊ နောက် ကိုလေး (အင်းဝဂုဏ်ရည်)ရဲ့ကဗျာတွေလည်းတွေ့ရော ကြေးမုံဟာ အခုဆိုရင် ပြည်သူတွေရဲ့အသံ၊ပြည်သူတွေရဲ့ ခံစားချက်ကို ဖော်ပြတဲ့ သတင်းစာအဖြစ် ကျွန်တော်ပြန်လည်ပြီးတွေ့လိုက်ရပါတယ်။ဒါဟာ နှစ်ပေါင်း ၅၀ အတွင်းမှာ ထူးခြားတဲ့ ဖြစ်ရပ်ဖြစ်သလို ဒီမိုကရေစီရရှိရေးအတွက် ရုန်းကန်ခဲ့ရတဲ့ နိုင်ငံသားတွေရဲ့ အောင်ပွဲလို့ ယူဆမိပါတယ်။

အခုဆိုရင် အစိုးရသစ်တစ်ရပ်လည်းပေါ်လာပြီ။ လွှတ်တော်တွေပေါ်လာပြီ။ ဒီလွှတ်တော်တွေနဲ့ အစိုးရရဲ့ လှုပ်ရှားမှုတွေ၊ ဆောင်ရွက်မှုတွေဖော်ပြတဲ့အခါမှာ ကောင်းကွက်တွေသာမကဘဲ သူတို့ရဲ့ အားနည်းချက်၊ လိုအပ်ချက်တွေကိုလည်း ဖော်ပြပေးဖို့လိုတယ်။ နောက်တစ်ချက်က ပြည်သူတွေရဲ့တောင့်တခြင်းတွေ၊ အစိုးရ၊ ပြည်သူနဲ့ လွှတ်တော်ကြားမှာ ပွင့်ပွင့်လင်းလင်းဝေဖန်ရေးသားဖော်ပြဖို့လည်း လိုအပ်မယ်လို့မြင်ပါတယ်။

**ကိုတင်ဝင်းလှိုင် (Web-Developer)**

သတင်းစာက အခုလိုလေး ပြောင်းလဲလာတာ မြင်ရတော့ကောင်းပါတယ်။ ပိုပြီး ဖြစ်စေချင်တာက အစိုးရရဲ့ ဝန်ဆောင်မှု လုပ်ငန်းတွေ လွဲချော်တာရှိရင်၊ မှားတာရှိရင် ပြည်သူတွေဘက်က ထောက်ပြပေးတာကို မြင်ချင်တယ်။နဂိုက သတင်းစာက နာရေးကြော်ငြာကလွဲရင် ဘာမှထူးမလာဘူး။ ဖတ်သင့်တယ်ကို မထင်ခဲ့တာ။ ဒါကြောင့် ပြည်သူတွေဘက်က ရပ်တည်ဖို့လိုတယ်။ ဒါဆို သတင်းစာကို စိတ်ဝင်စားလာကြမှာ သေချာတယ်။

နိုင်ငံပိုင်သတင်းစာတွေက နဂိုကတည်းက စနစ်တကျ လည်ပတ်နိုင်တဲ့ အခါကျတော့ ရပ်တည်ချက်တွေ၊ ခံယူချက်တွေ ပြောင်းလဲလာမယ်ဆိုရင် ပြင်ပသတင်းစာ၊ဂျာနယ်တွေထက် ပိုကောင်းတဲ့ သတင်းစာတွေဖြစ်လာမယ်လို့ ထင်ပါတယ်။

**ဦးအောင်လင်း (အလုပ်သမားရေးရာ ကျွမ်းကျင်သူ)**

နိုင်ငံပိုင်သတင်းစာတွေရဲ့ ရပ်တည်မှုကတော့ ပြီးခဲ့တဲ့ အစိုးရရဲ့လောင်းရိပ်အောက်မှာ ရှိနေတယ်လို့ ကျွန်တော်တို့သိထားတယ်။ နောက်အစိုးရသစ်မှာတော့ ပွင့်လင်းမြင်သာတဲ့ပုံစံနဲ့ ပြောင်းလဲလာတယ်။ဒါကို ကြိုဆိုတယ်။ အခိက ကတော့ သတင်းရင်းမြစ်နဲ့ သတင်းရပ်တည်ချက်က ပြည်သူလူထုရဲ့ အမှန်တရားပေါ်အခြေခံတဲ့ သတင်းရပ်တည်ချက်ကို လိုချင်တယ်။

သတင်းစာ စာမျက်နှာတွေပေါ်ကနေ အစိုးရကို တည့်မတ်ပေးနိုင်တဲ့ သတင်းစာတွေပဲဖြစ်သင့်တယ်။ အစိုးရလုပ်သမျှ သြဘာပေးမယ့် သတင်းစာတွေ မဖြစ်သင့်ဘူး။ တာဝန်ယူမှု တာဝန်ခံမှုကင်းတဲ့ လုပ်ရပ်တွေ၊ သတင်းတွေကို အစိုးရသိအောင် ဖော်ထုတ်ရေးသားရမယ်။ ဒီအပေါ်မှာအခြေခံပြီး ပြည်သူလူထုရဲ့ ယုံကြည်မှုရတဲ့ သတင်းဌာနတွေဖြစ်လာမယ်။ အစိုးရကလည်း အောက်ခြေမှာဖြစ်ပျက်နေတဲ့ ပြဿနာတွေ၊ တာဝန်ယူမှု၊တာဝန်ခံမှု ကင်းမဲ့နေတာတွေသိလာပြီး အရေးယူ ကိုင်တွယ်ဖြေရှင်းမှုတွေလုပ်လာနိုင်မယ်။ ဒါမှ နိုင်ငံက တရားဥပဒေစိုးမိုးလာမယ်။

**ဦးထွန်းကြည် (နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့ ဦးဆောင်ကော်မတီ)**

နဂိုအစိုးရလက်ထက်က သတင်းစာတွေဟာ ပြည်သူဗဟိုပြုတဲ့ ဝန်ဆောင်မှုလုပ်ငန်းမဟုတ်ဘူး။ အခုအစိုးရသစ် လက်ထက်မှာ ပြည်သူလူထု မျက်နှာကိုကြည့်ပြီး ဝန်ဆောင်မှုပေးတဲ့ သတင်းအရည်အသွေးမျိုးဖြစ်လာပြီဆိုရင် ဒါကို ကြိုဆိုရမယ်။ အဟောင်းမှာဖြစ်ခဲ့တာကို အဟောင်းမှာထားလိုက်တော့။ အစိုးရရဲ့ ဝါဒခံသတင်းစာမဟုတ်တော့ဘူး။ အသွင်သစ်၊ အမြင်သစ်၊ အတွေးသစ်၊ ပြည်သူဘက်ကို မျက်နှာမူတဲ့ သတင်းစာတွေ ဖြစ်ဖို့လိုတယ်။ အစိုးရအတွက်ချည်း မဟုတ်ဘဲ ပြည်သူတွေရဲ့ နားမျက်စိတွေဖွင့်ပေးတဲ့ သတင်းစာမျိုး၊ ၅ နှစ်တာကာလအတွင်း နိုင်ငံသူ နိုင်ငံသားတွေရဲ့ အကျိုးစီးပွားကို ကြည့်တဲ့ ဝန်ဆောင်မှုပေးတဲ့ သတင်းစာတွေပဲ ဖြစ်သင့်တယ်၊ဖြစ်ထိုက်တယ်။ ဖြစ်ရမယ်လို့အကြံပြုချင်ပါတယ်။

**ဦးဇေယျ (လူ့ဘောင်သစ်ပါတီ ဥက္ကဋ္ဌ)**

သတင်းစာက လက်ရှိအနေအထားမှာ ပြည်သူလူထုကို အခြေခံတဲ့ လက်ရှိလိုအပ်ချက်ကို ဖြည့်မယ်ဆိုလို့ရှိရင်တော့ ကောင်းတဲ့အလားအလာပေ့ါ။ နောက်တစ်ချက်က သတင်းစာအနေနဲ့ အစိုးရရဲ့ လက်ကိုင်တုတ်၊ အစိုးရရဲ့ အာဘော်ကို ထုတ်ဝေတဲ့ သတင်းစာမျိုးမဖြစ်သင့်ဘူး။ ဒါဆိုရင် အကန့်အသတ်ရှိတဲ့အတွက် သူ့ပရိသတ်ကလည်း အကန့်အသတ်ပဲရှိမှာပေ့ါ။သတင်းစာရဲ့ သြဇာနဲ့ သတင်းစာအပေါ် ယုံကြည်မှုကလည်း အကန့်အသတ်ရှိမှာဖြစ်တဲ့အတွက် အဲဒီလို ပေါ်လစီမျိုးနဲ့ အဲဒီလုပ်ငန်းစဉ်မျိုးများ ချမှတ်ခဲ့မယ်ဆိုရင်တော့ သတင်းစာရဲ့ အနေအထားဟာ လူထုရဲ့ လေးစားယုံကြည်မှုနဲ့ လူထုအလေးထား ဖတ်ရှုရတဲ့ သတင်းစာအဖြစ် ရောက်လာမှာမဟုတ်ဘူးလို့ မြင်တယ်။ ပြည်သူလူထုကိုအခြေခံတဲ့ ပြည်သူလူထုလိုအပ်ချက်တွေ၊ တိုင်းပြည်ရဲ့လက်ရှိလိုအပ်ချက်တွေကို မီဒီယာကျင့်ဝတ်နဲ့ ထိထိမိမိထောက်ပြမယ်။ မီဒီယာကျင့်ဝတ်နဲ့အညီ သတင်းစာရဲ့ ပေါ်လစီကိုချမှတ်ဆောင်ရွက်မယ်ဆိုရင်တော့အောင်မြင်တဲ့ သတင်းစာတွေဖြစ်လာလိမ့်မယ်လို့ ကျွန်တော် ထင်မြင်သုံးသပ်မိပါတယ်။

**ဦးဇင်ဝိုင်း (ရုပ်ရှင်သရုပ်ဆောင်၊ ဒါရိုက်တာ)**

ကျွန်တော်က မြန်မာ့အလင်းယူတာဗျ။ မြန်မာ့အလင်းဆိုတာကလည်း ထုံးစံအတိုင်း အစိုးရမီဒီယာလို့ပဲပြောရတော့မှာပေ့ါ။ ကျွန်တော်တို့ သက်တမ်းတစ်လျှောက်မှာ အစိုးရထုတ်တဲ့သတင်းစာ၊ မီဒီယာတွေမှာ ပြည်သူဗဟိုပြုမီဒီယာလို့ အခေါ်အဝေါ်တွေပြောင်းလာပေမယ့်လည်း အနှစ်သာရကပြောင်းလာတာ မတွေ့ရဘူး။ ဒါပေမယ့် ဒီနေ့မျက်နှာဖုံးမှာ ပြောင်းလဲမှုတွေစတွေ့ရတယ်။ ဒါကလည်း သိပ်တော့မဆန်းပါဘူး။ တက်လာတဲ့ အစိုးရရဲ့ အာဘော်ကို ပြတယ်လို့ပဲမြင်တယ်။ နောက်ပိုင်းမှာ တကယ့်ကို နိုင်ငံသူ နိုင်ငံသားတွေ၊ တိုင်းရင်းသားတွေ သိသင့်သိထိုက်တာတွေကို ဖော်ပြနိုင်လိမ့်မယ်လို့တော့ထင်ပါတယ်။

သတင်းဆိုတဲ့အပိုင်းမှာ နိုင်ငံတော်အစိုးရလုပ်ကိုင်နေတာကို ပြည်သူကို အသိပေးဖို့လိုအပ်သလို ပြည်သူတွေကြားထဲမှာ နစ်နာဆုံးရှုံးနေတဲ့ လက်ရှိတကယ်ဖြစ်ပျက်နေတဲ့ အမှန်တရားတွေကိုလည်း သတင်းအနေနဲ့ ဖော်ပြပေးဖို့လိုမယ်လို့ ကျွန်တော်ယူဆတယ်။

နောက်တစ်ခုက ဆောင်းပါးပါ။ကျွန်တော်ငယ်စဉ်တော်လှန်ရေးကောင်စီလက်ထက်က ဆောင်းပါးတွေက တခုတ်တရနဲ့ကို ဖတ်ရတဲ့အခြေအနေရှိပါတယ်။ ဆရာကြီး သာဂဒိုးတို့၊ ဆရာသိန်းဖေမြင့်တို့ရေးခဲ့ကြတဲ့ ဆောင်းပါးတွေဟာ တကယ့်ကို ပြည်သူလူထုရဲ့ လက်ရှိခံစားနေရတဲ့ အခြေအနေတွေကိုကိုယ်စားပြုကြတာများပါတယ်။အခုနောက်ပိုင်းမှာတော့ သတင်းစာမှာ ဒီလိုဆောင်းပါးတွေ မတွေ့ရတော့ပါဘူး။ ပြည်သူတွေကြုံတွေ့နေရတဲ့ အဖြစ်အပျက်တွေကို ဖော်ထုတ်နိုင်တဲ့၊ တင်ပြနိုင်တဲ့ ဆောင်းပါးရှင်တွေရဲ့ ဆောင်းပါးတွေကိုလည်း ဦးစားပေးဖော်ပြသင့်တယ်လို့ ယူဆပါတယ်။

**ဦးလူမင်း (ဥက္ကဋ္ဌ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး)**

ဖြစ်သင့်တာကတော့ ဒီနေ့လိုပြောင်းလဲမှုမျိုးကို လွန်ခဲ့တဲ့ တစ်လတန်သည်ကတည်းကပါ ပြောင်းလဲလိုက်မယ်ဆိုရင် ပိုပြီးတော့လှမှာပါ။ ပြောင်းလဲမှုကို ကြိုဆိုတယ်။ ခုကိုယ့်အသိုင်းအဝိုင်း ကိုယ့်ဝန်းကျင်မှာဆို လွှတ်တော်ချန်နယ်က အဟော့ဆုံးဖြစ်နေသလို အရင်က အစိုးရထုတ်သတင်းစာတွေက ဒီလိုလေး ပြောင်းလဲလာတော့ အစ်ကို့အထင် ကြေးမုံတို့၊ မြန်မာ့အလင်းတို့ ခေတ်တစ်ခေတ် ပြန်ဆန်းလာတော့မယ်လို့ မျှော်မှန်းပါတယ်။


ကိုဇော်သက်ထွေး


ကိုတင်ဝင်းလှိုင်


ဦးအောင်လင်း



ဦးထွန်းကြည်


ဦးဇင်ဝိုင်း


ဦးလူမင်း

# သီပေါတိုစင့်ကိုးမြို့ရှင်နန်းမှ ရဟန်းခံ ရှင်ပြုပွဲ ကျင်းပမည်

**သီပေါ မေ ၁**
ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ တိုစင့်၊ ကိုးမြို့ရှင်၊ ပုလဲယဉ်၊ ခွန်ချို ခွန်သာနတ်နန်းကြီးမှ နန်းထိန်းကြီး မိသားစု၏ သင်္ကြန်ကာလ ဒုတိယ အကြိမ် ရဟန်းခံရှင်ပြု အလှူတော် မင်္ဂလာကို မေ ၁၀ရက်တွင် ကျင်းပ သွားမည်ဖြစ်သည်။

တိုစင့်ကိုးမြို့ရှင်နန်းကြီးမှ နန်းထိန်းကြီး ဦးဆန်စိုင်းမိသားစုသည် ၂၀၁၅ ခုနှစ် မေ ၁၀ ရက်က ပထမ အကြိမ်အဖြစ် စုစုပေါင်း ၉၀ အား ရဟန်းခံ ရှင်ပြုအလှူတော်ကြီးကို ကျင်းပလုပ်ပေးခဲ့သည်။

ယခု ဒုတိယအကြိမ်အဖြစ် သင်္ကြန်ကာလအတွင်း ရဟန်းခံ ရှင်ပြု ပေးခြင်းအလှူတော်ကို နေရပ်ဒေသ မခွဲခြား၊ လူမျိုးမရွေး ရဟန်းခံရှင်ပြု လိုသူများအားလက်ခံ၍အခမဲ့ကုသိုလ် ယူဆောင်ရွက်ပေးမည်ဖြစ်ရာ မေ ၁ ရက်အထိ စုစုပေါင်း ၁၇၅ ဦး စာရင်း ပေးသွင်းထားပြီးဖြစ် သည်။

ထပ်မံစာရင်းပေးသွင်းမည့် ပုဂ္ဂိုလ် များကိုလည်း ဆက်လက်၍ မေ ၉ ရက်အထိ လက်ခံသွားပြီး သီပေါ ဟော်နန်းဦးကျောင်း၌ ရဟန်းခံရှင်ပြု အလှူတော်ကြီးကို ကျင်းပပြုလုပ်ပေး မည်ဖြစ်သည်။

“သာသနာတော် အတွက် ကျွန်တော့်မိသားစုရဲ့ စေတနာ သဒ္ဓါ တရားအရ ယခုလို ရဟန်းခံရှင်ပြု ပွဲကြီးကို စီစဉ်ပြုလုပ်ပေးခြင်းဖြစ်ပါ တယ်။ မည်သူ့ရဲ့ဖိအားပေးတိုက်တွန်း ချက်ကြောင့်မှ မဟုတ်ပါဘူး၊ ခေါင်းစဉ် တပ်ပြီး အလှူခံခြင်းလည်းမရှိပါဘူး၊ ရဟန်းခံရှင်ပြုလိုကြတဲ့ပုဂ္ဂိုလ်များကို လည်း နေရပ်ဒေသ လူမျိုးဘာသာ ခွဲခြားခြင်းမရှိသလို ငွေကြေးကောက်ခံ ခြင်းလည်း လုံးဝမရှိပါဘူး၊ လူရော နတ်တွေပါ ကောင်းကျိုးချမ်းသာရရှိ စေနိုင်တယ်လို့ ယုံကြည်ချက်များနဲ့ သဒ္ဓါတရားသက်သက်ဖြင့်သာ ဆောင် ရွက်ပေးခြင်းဖြစ်ပါတယ် ” ဟု တိုစင့် ကိုးမြို့ရှင်နန်းထိန်းကြီး ဦးဆန်စိုင်းက ရှင်းလင်းပြောကြားခဲ့သည်။

**သီပေါကိုလတ်**



## ထီးချိုင့်မြို့နယ်ရှိ ရပ်ကွက်ကျေးရွာ ၂၂ ခုတွင် စာသင်ဝိုင်း ၄၃ ဝိုင်းခွဲ၍ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများစတင်

**ထီးချိုင့် မေ ၁**
စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်နယ်အတွင်းရှိ ကျေးရွာနှင့် ရပ်ကွက် ၂၂ခု တွင် စာသင်ဝိုင်း ၄၃ ဝိုင်းဖြင့် စာတတ်မြောက်ရေးလုပ်အားပေး ခြင်းကို မေ ၁ ရက်မှ မေ ၁၅ ရက်အထိ သင်ကြားပြသသွားမည်ဖြစ် ကြောင်း ရွှေဘိုတက္ကသိုလ်မှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

စာတတ်မြောက်ရေးလုပ်အားပေးအဖွဲ့တွင် ရွှေဘိုတက္ကသိုလ်မှ ဌာနမှူး ဒေါ်နော်မေရီယန်၊ ကြီးကြပ်ရေးဆရာမလေးဦး၊ ရွှေဘိုတက္ကသိုလ်မှ ကျောင်းသား ၁၈ ဦး၊ ကျောင်းသူ ၂၅ ဦးတို့ပါဝင်သည်။

အဆိုပါ လုပ်အားပေးအဖွဲ့သည် မတ် ၃၁ ရက် နံနက်ပိုင်းတွင် ကျင်း ပသည့် စာတတ်မြောက်မှုလုပ်အားပေးစခန်းဖွင့်ပွဲသို့ တက်ရောက်ကြကာ ထီးချိုင့်မြို့နယ်အတွင်းရှိကျေးရွာနှင့်ရပ်ကွက်များရှိ စာသင်ဝိုင်းများတွင် မေ ၁၅ ရက်အထိသင်ကြားပေးသွားမည်ဖြစ်သည်။

**မျိုးဝင်းထွန်း (မုံရွာ)**

## စစ်ဘေးရှောင်ပြည်သူများအား နေရပ်သို့ပြန်လည်ပို့ဆောင်

**ဘားအံ မေ ၁**
ကရင်ပြည်နယ် ဘားအံမြို့ ရဲသာကျေးရွာတွင် ခေတ္တနေထိုင်ရောက်ရှိနေသော မြန်မာ-ထိုင်းနယ်စပ် မယ်ဒါမိုဒေသမှ စစ်ဘေးရှောင်ပြည်သူများအား မတ် ၃၀ ရက်က နေရပ်ဌာနေသို့ ပြန်လည်ပို့ဆောင်ပေးခဲ့သည်။

သံတောင်ကြီး မြို့နယ်အတွင်းမှ ၄၄ ဦး၊ ဘောဂလိမြို့အတွင်းမှ ၁၁ ဦးတို့အား သံတောင်ကြီးမြို့နှင့် ဘောဂလိမြို့ဒေသများသို့ မော်တော်ယာဉ် များဖြင့် ပို့ဆောင်ခဲ့ပြီး ဆန် ၁၀ အိတ်၊ ဆီ ၁၀ ပိဿာ၊ အာလူးပိဿာ၂၀၊ ကြက်ဥနှင့်ခေါက်ဆွဲခြောက်များ ကူညီထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



## မန္တလေးမြို့တွင် အလှူမှတ်တမ်းများကို ဒရုန်းလေယာဉ်ငယ်အသုံးပြုရိုက်ကူးလာ

**မန္တလေး မေ ၁**
မန္တလေးမြို့ရှိ အလှူပွဲများတွင် မှတ်တမ်းရိုက်ကူးပါက ရွှေနန်းတော်အပေါ်စီးမှမြင်ရသည့် မြင်ကွင်း၊ ကျုံးဘေးရှိ လမ်းမပေါ်တွင် ရှင်လောင်းလှည့်သည့်မြင်ကွင်းနှင့် ကျုံးနှင့်ရှင်လောင်းလှည့်တန်းကိုတွဲဖက်ကာ အပေါ်စီးမှမြင် ရသည့်မြင်ကွင်းများအတွက် ဒရုန်းလေယာဉ်အသုံးပြုကာ ရိုက်ကူးလာသည်။

အထူးသဖြင့် မန္တလေးတောင် ဘိုးဘိုးကြီးနတ်နန်းမှ နတ်ပြအပြန်တွင် မန္တလေးတောင်ခြေရှိ ခြင်္သေ့ကြီးနှစ် ကောင်အပေါ်မှ ဒရုန်းလေယာဉ်ကို ပျံသန်းစေကာ ရိုက်ကူးကြသည်။

မန္တလေးမြို့ရှိ ဓာတ်ပုံပညာရှင်များကလည်း မှတ်တမ်းဓာတ်ပုံရိုက်ကူးမှုတွင် ဒရုန်းလေယာဉ်ငယ်ကို အသုံးပြုကာ အလှူရှင်စိတ်ကြိုက် ရိုက်ကူးပုံဖော်လာကြ သည်။ အလှူရှင်လောင်းလှည့်မြင်ကွင်းကို ချက်ချင်းပုံကူး ကာ အလှူမဏ္ဍပ်ရှေ့တွင် ချိတ်ဆွဲထားပေးကြသည်။ အလှူပွဲလာပရိသတ်များမှာလည်း ဒရုန်းလေယာဉ်ကို အသုံးပြုကာအပေါ်စီးမှရိုက်ကူးထားသော အလှရှုခင်း ပုံများ၊ ခြင်္သေ့ကြီးနှစ်ကောင်နှင့် ရှင်လောင်းလှည့် တန်းတွဲဖက်နေသည့် မြင်ကွင်းကိုအထူးသဘောကျ နှစ် သက်ကြကြောင်း သိရသည်။

ခေတ်မီတိုးတက်လာသောခေတ်တွင် ဓာတ်ပုံ ပညာရှင်များမှ ခေတ်မီနည်းပညာများ၊ ခေတ်မီကင်မရာ များကို အသုံးပြုမှုများပြားလာပြီး အလှူ မင်္ဂလာဆောင်များ၊ ဘွဲ့နှင်းသဘင်ပွဲများနှင့် အခြားပွဲများရိုက်ကူးသည့် ဓာတ်ပုံပညာရှင်များမှာ ဒရုန်းလေယာဉ်ငယ်များကို အသုံးပြုကာ ရိုက်ကူးမှုများလာကြသည်။

**(တိမ်တမန်)**

## ကော့သောင်းမြို့တွင် ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေးဆိုင်ရာများ ဆွေးနွေး

**ကော့သောင်း မေ ၁**
ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာကွန်ရက် တနင်္သာရီ တိုင်းဒေသကြီး ကော့သောင်းခရိုင် နယ်စပ် ရနောင်းခရိုင်နှင့် ရန်ကုန် (NNER)အဖွဲ့ ပညာရေးဆွေးနွေးပွဲ ကို မတ် ၃၁ ရက် နံနက်ပိုင်းက ကော့သောင်းမြို့ ဂါးဒင်းဟိုတယ်၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ပညာ ရေးစနစ် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ကိစ္စရပ်များ၊ နယ်စပ်ဒေသများရှိ ရွှေ့ပြောင်းအလုပ်သမား မိသားစု များ၏ ပညာသင်ကြားမှုအခြေ အထားများနှင့် ပံ့ပိုးမှုလိုအပ် ချက်များ၊ ပြုပြင်ပြောင်းလဲသင့်သည့် အချက်အလက်များအား ဆွေးနွေး သည်။

အဆိုပါဆွေးနွေးပွဲသို့ ရန်ကုန် (NNER)မှ ဒေါက်တာသိန်းလွင်နှင့် အဖွဲ့၊ ထိုင်းနိုင်ငံ ရနောင်းမြို့မှ မြန်မာ ရွှေ့ပြောင်းအလုပ်သမားမိသားစုများ၊ ပညာရေးနှင့်ပတ်သက်သည့် အဖွဲ့ များမှ တာဝန်ခံများ၊ မြိတ်မြို့နှင့်ထား ဝယ်မြို့များမှ တာဝန်ခံများတက် ရောက်ကြသည်။

**(ကျော်စိုး-IPRD)**

## ရမည်းသင်းမြို့တွင် စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်သင်တန်းဖွင့်

**ရမည်းသင်း မေ ၁**
မြန်မာနိုင်ငံနှင့် ဂျာမနီနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်သော စွန့်ဦး တီထွင်စီးပွားရေးလုပ်ငန်းရှင် သင် တန်းဖွင့်ပွဲကို မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အမေထွေး ခန်းမ၌ မတ် ၃၁ ရက် နံနက် ၈ နာရီခွဲက ကျင်းပသည်။

မြန်မာနိုင်ငံနှင့် ဂျာမနီနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်သော ပညာရေး လုပ်ငန်းတစ်ခုဖြစ်သည့် စွန့်ဦးတီထွင် စီးပွားရေးသင်တန်းကို ကမ္ဘာပေါ်တွင် ထင်ရှားသော နည်းစနစ်နှစ်ခုဖြစ် သည့် CEFE Methodology (Action Learning ကိုယ်တိုင်လုပ် ဆောင်ခြင်းတို့ဖြင့်သင်ယူခြင်း) နှင့် ILO-SIYB စီးပွားရေးလုပ်ငန်းစတင် ခြင်းနှင့် တိုးတက်အောင်ပြုလုပ် ခြင်းတို့ဖြင့် ပေါင်းစပ်သင်ကြားမည့် ဒေသတွင်း စီးပွားရေးသင်တန်းကို ရမည်းသင်းမြို့ စိန်လသာပညာရေး စင်တာနှင့် ပူးပေါင်းကာ သင်ကြား သွားမည်ဖြစ်သည်။

အဆိုပါသင်တန်းကို မြန်မာနိုင်ငံ ရှိ မြို့ ၁၂ မြို့တွင် ဖွင့်လှစ်သင်ကြား လျက်ရှိပြီး သင်တန်းနည်းပြများအဖြစ် ရမည်းသင်းမြို့မှ ဦးဇော်မင်းစိုး၊ ပျော်ဘွယ်မြို့မှ ဦးဇော်ဇော်ဝင်းနှင့် နေပြည်တော် တပ်ကုန်းမြို့မှ ဦးကျော် စွာလွင်တို့က မတ် ၃၁ ရက်မှ မေ ၂ ရက်နေ့အထိ သင်ကြားမည်ဖြစ်သည်။

အဆိုပါ သင်တန်းသို့ သင်တန်း သား သင်တန်းသူ ၃၀ တက်ရောက် သင်ကြားလျက်ရှိကြောင်း သိရ သည်။

**ဇော်ဝင်းအောင်(ရမည်းသင်း)**



# စနိုးဝှိုက်ရဲ့ ညီမဖြစ်သူ ရို့စ်ရက်ဒ်အတွက်ရုပ်ရှင် ဒစ်စနေ ဖန်တီးမည်



မင်းသမီး ခရစ်စတင်းစတူးဝပ်က စနိုးဝှိုက်မင်းသမီးလေးအဖြစ် ပါဝင်သရုပ်ဆောင်ထားတဲ့ "Snow White and the Huntsman" ရုပ်ရှင်ဟာ ယခင်က ဖန်တီးခဲ့တဲ့ စနိုးဝှိုက်ရုပ်သံဖန်တီးမှုရုပ်ရှင် "Snow White and the Seven Dwarfs"က ဆင့်ပွားလာတဲ့ ရုပ်ရှင်တစ်ခုဖြစ်ပါတယ်။ ယခုတစ်ကြိမ်မှာတော့ စနိုးဝှိုက်မင်းသမီးလေးကို လိုက်ရှာနေတဲ့ သူ့ရဲ့ညီမဖြစ်သူ "ရို့စ်ရက်ဒ်" အကြောင်းကို အဓိက ဇာတ်လမ်းဆင်ရိုက်ကူးသွားမယ့် ရုပ်ရှင်တစ်ကားကို ဖန်တီးသွားဖို့ စီစဉ်နေကြောင်း အေ့စ်ရှိုးဘေ့စ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ယင်းရုပ်သံဖန်တီးမှုရုပ်ရှင်ကို ဒစ်စနေရုပ်ရှင်ထုတ်လုပ်ရေးက ဖန်တီးထုတ်လုပ်လျက်ရှိပြီး ယင်းရုပ်ရှင်ဟာ သတိလစ်မေ့မျောနေတဲ့ စနိုးဝှိုက်မင်းသမီးလေးကို လိုက်ရှာနေတဲ့ သူ့ရဲ့ညီမဖြစ်သူ ရို့စ်ရက်ဒ်အကြောင်း ရေးသားထားတဲ့ ဂန္ထဝင်ပုံပြင်ကို အခြေခံကာ ဖန်တီးလျက်ရှိကြောင်းလည်း သိရပါတယ်။

# ကိုင်နဲ့ ခရစ်စတယ်တို့ဟာ ချစ်သူတွေတဲ့လား





တောင်ကိုရီးယားရဲ့ ထပ်မံထွက်ပေါ်လာတဲ့ ကေပေ့ါ်ပ်ကြယ်ပွင့်စုံတွဲသစ်ကတော့ အမျိုးသားတေးဂီတအဖွဲ့ "EXO"က ကိုင်နဲ့ အမျိုးသမီးတေးဂီတအဖွဲ့ "f(x)"က ခရစ်စတယ်တို့ပဲ ဖြစ်ကြပါတယ်။ သူတို့နှစ်ဦးချစ်သူတွေအဖြစ် လက်တွဲခဲ့ပြီဖြစ်ကြောင်း သူတို့ရဲ့ အေဂျင်စီက အတည်ပြုပြောကြားပေးခဲ့တာ ဖြစ်ပါတယ်။

သူတို့နှစ်ဦး ချစ်သူတွေဖြစ်နေကြောင်း ကောလာဟလသတင်းတွေ ပေါ်ထွက်လာပြီးတဲ့နောက် ဧပြီ ၁ ရက်မှာ သူတို့ရဲ့ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ အက်စ်အမ်အန်တာတိန်းမန့်က အဆိုပါသတင်းကို အတည်ပြုပြောကြားခဲ့တာပဲ ဖြစ်ပါတယ်။ အဆိုပါအေဂျင်စီက သူတို့နှစ်ဦးဟာ ယခင်က သူငယ်ချင်းတွေလိုဆက်ဆံရေးမျိုးရှိခဲ့ရာက လတ်တလောမှာတော့ တစ်ဦးအပေါ်တစ်ဦး ထူးခြားတဲ့ခံစားချက်တွေရှိလာခဲ့ပြီး ချစ်သူတွေအဖြစ် လက်တွဲခဲ့ကြခြင်းဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ကိုင်နဲ့ ခရစ်စတယ်တို့နှစ်ဦးစလုံးဟာ ၁၉၉၄ ခုနှစ်မှာ မွေးဖွားခဲ့ကြသူတွေဖြစ်လို့ သက်တူရွယ်တူဖြစ်ကာ အလွန်လိုက်ဖက်တဲ့စုံတွဲလည်း ဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ အက်စ်အမ်အန်တာတိန်းမန့်က လေ့ကျင့်သင်ကြားပေးတဲ့ သင်တန်းမှာကတည်းက စတင်တွေ့ဆုံကာ သူငယ်ချင်းတွေဖြစ်ခဲ့ကြတာမို့ သူတို့နှစ်ဦးဟာ ရှည်လျားလှတဲ့ မိတ်ဆွေဘဝတွေကို အတူဖြတ်သန်းခဲ့ကြသူတွေလည်း ဖြစ်ပါတယ်။

လတ်တလောမှာ ကိုင်ဟာ လာမယ့်နွေရာသီအတွင်း အနုပညာဖန်တီးမှုအသစ်တစ်ခုကို ပရိသတ်ရှေ့ချပြနိုင်ရန် ကြိုးပမ်းလျက်ရှိပြီး ခရစ်စတယ်ကတော့ သူ့ရဲ့တစ်ကိုယ်တော်ဖျော်ဖြေပွဲတွေကို ပြည်ပနိုင်ငံတွေမှာ သွားရောက်ဖျော်ဖြေဖို့ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း အမ်ဝေ့ဗ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

# ဟယ်ရီမဟုတ်တော့ဘူးလား ကန်ဒဲလ်ဂျန်ဒါ



ဟောလိဝုဒ်ရဲ့ ထိပ်တန်းမော်ဒယ်လ်တစ်ဦးဖြစ်တဲ့ ကန်ဒဲလ်ဂျန်ဒါနဲ့ ဗြိတိန်ပေါ့ပ်အဆိုတော် "One Direction"အဖွဲ့ဝင် ဟယ်ရီစတိုင်တို့ဟာ ပြီးခဲ့တဲ့ ၂၀၁၅ နှစ်ကုန်ပိုင်းမှာ ဟောလိဝုဒ်ရဲ့အလွန်ကျော်ကြားတဲ့ စုံတွဲတစ်တွဲ ဖြစ်ခဲ့ပါတယ်။ သူတို့နှစ်ဦးဟာ အပျော်ခရီးတွေအတူထွက်ခဲ့ကာ အားလပ်ရက်တွေကို အတူဖြတ်သန်းကြရင်း ပါတီပွဲတွေလည်းကျင်းပကာ မိဘတွေကိုပါ ဖိတ်ကြားတွေ့ဆုံစေတဲ့အထိ ရင်းနှီးခဲ့ကြသူတွေဖြစ်ပါတယ်။ ဒါပေမယ့် လတ်တလောမှာတော့ ကန်ဒဲလ်ဂျန်ဒါရဲ့အချစ်ဟာ ဘတ်စကတ်ဘောကစားသမားတစ်ဦးဖြစ်တဲ့ ဂျော်ဒန်ကလာခ်ဆန်ဆီကို ပြောင်းရွှေ့သွားခဲ့ပြီဖြစ်ကာ သူတို့နှစ်ဦးဟာ တိတ်တဆိတ်ချိန်းဆိုတွေ့ဆုံနေကြတယ်ဆိုတဲ့ ကောလာဟလတွေ ထွက်လာခဲ့ပါတယ်။

ပြီးခဲ့တဲ့ မတ် ၃၀ ရက်က အသက် (၂၀)နှစ်အရွယ် မော်ဒယ်လ်က (၂၃) နှစ်ရှိပြီဖြစ်တဲ့ ကလာခ်ဆန်ရဲ့ လက်ကိုတွဲကာ ကလာ့ခ်ဆန်ရဲ့ ကစားပွဲတစ်ခုအပြီးမှာ ကစားကွင်းကနေ အတူတကွ ထွက်ခွာသွားခဲ့တာကို တွေ့မြင်ခဲ့ရကြောင်း အေ့စ်ရှိုးဘေ့စ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ကန်ဒဲလ်ဟာ ညီမဖြစ်သူ ကိုင်လီဂျန်ဒါနဲ့အတူ ကလာခ်ဆန်ရဲ့ လေ့ကျင့်ရေးပြုလုပ်နေချိန်မှာ လာရောက်အားပေးခဲ့ကြောင်းလည်း ပီးပဲလ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။ ကန်ဒဲလ်နဲ့ ရင်းနှီးတဲ့မိတ်ဆွေတစ်ဦးက ကန်ဒဲလ်နဲ့ ကလာခ်ဆန်တို့ ချစ်သူတွေဖြစ်နေကြောင်းနဲ့ သူတို့နှစ်ဦး တိတ်တဆိတ်ချိန်းဆိုတွေ့ဆုံနေကြကာ တစ်ဦးကိုတစ်ဦးလည်း အလွန်နှစ်သက်ကြကြောင်း ပြောကြားခဲ့ပါတယ်။ ဆက်လက်ပြီး သူက ကန်ဒဲလ်အနေနဲ့ ချစ်သူဟောင်း ဟယ်ရီကို နှစ်သက်ပေမယ့် ဟယ်ရီက အခြားသော ငယ်ရွယ်တဲ့ရော့ခ်ကြယ်ပွင့်တွေအပေါ် ခံစားမှုတွေရှိနေတာကြောင့် သူတို့အကြားက ဆက်ဆံရေးအဆင်မပြေဖြစ်ခဲ့ရကြောင်းလည်း ဆိုခဲ့ပါတယ်။

ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်းက သူတို့နှစ်ဦး ပြုလုပ်ခဲ့တဲ့ပါတီပွဲဟာ ဟယ်ရီနဲ့ ကန်ဒဲလ်ဂျန်ဒါ ပရိသတ်ရှေ့မှောက်ကို နှစ်ဦးသားအတူတကွ ပေါ်ထွက်လာခဲ့တာကို နောက်ဆုံးအကြိမ် တွေ့မြင်ခဲ့ရတာဖြစ်ပါတယ်။

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် လှုပ်ရှားခဲ့တဲ့ လီယိုနာဒို

"Titanic"ရုပ်ရှင်နဲ့ အောင်မြင်မှုတွေ စတင်ခဲ့တဲ့ မင်းသားလီယိုနာဒို ဒီကာပရီယိုဟာ ယခုနှစ် အကယ်ဒမီဆုပေးပွဲကြီးမှာ သူ့ရဲ့အနုပညာသက်တမ်းတစ်လျှောက် အကြီးမားဆုံးသော အောင်မြင်မှုအဖြစ် မှတ်ကျောက်တင်ခံရမယ့် အကယ်ဒမီဆုကြီးကို ပိုင်ဆိုင်နိုင်ခဲ့ပါတယ်။ သူဟာ အော်စကာဆုလို့ လူသိများတဲ့ အကယ်ဒမီဆုအတွက် အကြိမ်ကြိမ် ဆုလျာထားစာရင်း ဝင်ခဲ့ပေမယ့် ယခုနှစ်မှ အကယ်ဒမီရုပ်တုကို ပိုင်ဆိုင်ခွင့်ရခဲ့ခြင်း ဖြစ်ပါတယ်။

အနုပညာလောကမှာ အောင်မြင်မှုတွေရရှိထားတဲ့ လီယိုနာဒိုဟာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ပတ်သက်ပြီး တက်ကြွလှုပ်ရှားတဲ့ သူတစ်ဦးအဖြစ်လည်း လူသိများသူဖြစ်ပါတယ်။ သူဟာ လူမှုကွန်ရက်မီဒီယာတွေကိုအသုံးပြုပြီး လူအများကို ကမ္ဘာကြီးအကြောင်း ပိုမိုသိရှိလာစေဖို့၊ ကမ္ဘာကြီးကို ဘယ်ပုံဘယ်နည်း ထိန်းသိမ်းကာကွယ်ရမယ်ဆိုတာနဲ့ တစ်စတစ်စ ပျက်စီးယိုယွင်းလာတဲ့ ကမ္ဘာကြီးကို ဘယ်လိုကယ်တင်ရမယ်ဆိုတဲ့နည်းလမ်းတွေကို အသိပညာဖြန့်ဝေပေးလေ့ရှိပါတယ်။

ပြီးခဲ့တဲ့ရက်ပိုင်းက လီယိုနာဒိုဟာ ဆင်တွေရဲ့ဓာတ်ပုံတွေကို ထုတ်ဖော်ပြသခဲ့ပြီး မတ် ၃၁ ရက်မှာတော့ ဘော်နီယိုနဲ့ စူမတြားကျွန်းတွေမှာ တွေ့ရလေ့ရှိတဲ့ အော်ရန်ဂူတန် လူဝံတွေနဲ့ အတူရိုက်ကူးထားတဲ့ ဓာတ်ပုံကို သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ထုတ်လွှင့်ပြသခဲ့ကာ ယင်းတိရစ္ဆာန်တွေအတွက် ကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်ပေးကြဖို့ တိုက်တွန်းနှိုးဆော်ခဲ့ကြောင်း မစ်ရာဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

လီယိုနာဒိုဟာ သူ့ရဲ့အကယ်ဒမီဆုကို လက်ခံရယူအပြီး အမှတ်တရစကားပြောကြားရာမှာလည်း ကျွန်တော်တို့နေထိုင်ရာ ကမ္ဘာကြီး လတ်တလောခံစားနေရတဲ့ ကြီးမားတဲ့စိန်ခေါ်မှုတစ်ရပ်ဖြစ်တဲ့ ရာသီဥတုပြောင်းလဲမှုအပေါ် ကမ္ဘာ့သူ ကမ္ဘာ့သားတွေအနေနဲ့ ပိုမိုသတိထားဆင်ခြင်ဖို့ တိုက်တွန်းချက်ကို ထည့်သွင်းပြောကြားခဲ့ကြောင်း သိရပါတယ်။

**အေးပြည့် - စုစည်းဖော်ပြသည်**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၂ - ၄ - ၂၀၁၆ (စနေနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

- ၆း၀၀ အဖွင့်
  - -မိုးလေဝသအစီအစဉ်
  - -ကတ်ဆက်ဇာတ်လမ်း "စိတ်တစ္ဆေ"
- ၇း၁၀* Special Movie "Pirate of Caribbean (The Curse of the Black Pearl)"
- ၉း၃၀ မြန်မာရုပ်ရှင် "ဖလန်း ဖလန်းဖြစ်တဲ့အချစ်"
- ၁၂း၀၀ အစီအစဉ်ပြီး၏။

* ည (၈း၃၀) - Live: English Premier League " ARSENAL Vs WAT-FORD"

**တစ်နေ့(၆)နာရီစာ(၄)ကြိမ်ပြသပါမည်။**

### MRTV- 4

- ၅း၀၀ ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၅း၄၀ "ကုသိုလ်လည်းရ ဝမ်းလည်းဝ" တရားတော် [ဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်)]
- ၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၂၀)
- ၇း၅၀ နွေရာသီမိုးကျယဉ်ကျေးလိမ္မာဝမ္မစကူးလ် အောင်ပွဲအခမ်းအနား
- ၈း၀၀ Cartoon Series (Go Go Giggles)
- ၈း၅၅ Drive It
- ၉း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၆၇)
- ၁၀း၀၀ ခေတ်သစ်ပျိုမေ
- ၁၀း၄၅ Healthy Life
- ၁၁း၁၀ Star တို့ရဲ့လက်ရာ
- ၁၁း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ် ရှည်စေလို" (အပိုင်း-၅၃+၅၄)
- ၂း၂၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏ အကျိုး" [အရိပ်မည်း (အပိုင်း-၁)]
- ၄း၂၀ သကြံန်တေးသီချင်းများ
- ၅း၀၀ သွားစို့တူပျော် မြတ်မော်တင်စွန်းဘုရားပွဲတော် (အပိုင်း-၃)
- ၅း၂၀ Air Asia လေကြောင်းလိုင်းရဲ့ မလေးရှားနိုင်ငံ Penang ပြည်နယ်ခရီးစဉ်
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၂၁)
- ၇း၂၀ Let's Talk
- ၇း၅၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [အရိပ်မည်း(အပိုင်း-၂)]
- ၈း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၆၈)
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို" (အပိုင်း-၅၅+၅၆)
- ၁၁း၀၀ Forever Music Tribute ထူးအိမ်သင် (အပိုင်း-၆)
- ၁၁း၄၀ MRTV-4 Stage
- ၁း၁၀ World of Knowledge (Undercover USA Hollywood Homeless)

### မြဝတီ

- ၆း၀၃ တရားတော်
- ၆း၁၀ မေတ္တာပို့
- ၆း၁၆ ဓမ္မပူဇာတေး
- ၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
- ၈း၁၅ မွေးမြူသုတ
- ၈း၂၀ မြတ်နိုးစရာရိုးရာလက်မှုပညာ
- ၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
- ၁၁း၀၀ English For Myanmar
- ၁၁း၀၇ မျိုးချစ်တပ်မတော်
- ၁၁း၃၀ အိမ်ရှင်မတို့ရဲ့အချစ်ဆုံး
- ၁၂း၀၀ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်
  - - ဒေါင်းညိုနဲ့ဗျိုင်းကျိုး မြင့်မြတ်၊စိုးမြတ်သူဇာ၊ စန္ဒီမြင့်လွင်နှင့်သရုပ်ဆောင်များ ဒါရိုက်တာ ကိုပေါက်
- ၁၂း၅၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - - မေတ္တာအသင်္ချေ အပိုင်း(၄၈)
- ၁၄း၃၀ သံစဉ်များနှင့်ကမ္ဘာ
- ၄း၃၅ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄း၄၅ လူတိုင်းကျန်းမာသိမှတ်စရာ
- ၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - - ဖေဖေကြီးကိုချစ်တယ် အပိုင်း(၉)
- ၅း၄၅ ရွှေလမ်းငွေလမ်းသူဌေးလမ်း
- ၆း၁၀ စားဖိုဆောင်ချစ်သူ
- ၆း၃၅ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - - ချစ်သောဧကရီ အပိုင်း(၁၆)
  - - လူ့ရှင်တော်စတာ
  - -ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
  - - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - - ချစ်မျက်ရည်သက်သေတည် အပိုင်း(၁၀)

### mitv

- 07:26 Great Shwedagon- The Religious Insignias Of pagodas In Myanmar
- 07:44 Impressionist Myanmar Master Artist - U Lun Gywe
- 08:26 Kyaik Hmaw Wun Yele Pagoda Festival
- 08:36 Tour of national heritages and archeological sites
- 09:26 Myanmar Game Changers (Episode - V)
- 09:51 Thingyan Songs & Dances
- 10:25 Attractions around Hopong Hill Station
- 10:32 My Life & My Art
- 10:39 Yatana Theinga City and Shwe Bon Yatanamingalar Palace
- 07:25 Mrauk U, Treasure Trove of Rakhine Culture
- 07:43 Goldsmith
- 07:48 Today Myanmar: Community Policing
- 08:25 Hanthawaddy U Win Tin "A Fearless Man" (Episode - 1)
- 08:48 Thingyan Songs & Dances

# ဘာစီလိုနာတိုက်စစ်မှူး လီယွန်နယ်မက်ဆီ ရီးယဲလ်မက်ဒရစ်သို့ အံ့အားသင့်ဖွယ် ပြောင်းရွှေ့မည်




ဘာစီလိုနာဂန္ထဝင်ကစားသမား မက်ဆီသည် ဘာစီလိုနာမှ မဟာအင်အားကြီးပြိုင်ဘက် ရီးယဲလ်မက်ဒရစ်အသင်းသို့ ယူရိုသန်း ၂၅၀ တန် အဝယ်စာချုပ်ဖြင့် ယခုနှစ်ဘောလုံးရာသီအကုန်တွင် ပြောင်းရွှေ့ရန် သဘောတူညီခဲ့ပြီဖြစ်ကြောင်း ဂိုးလ်ဒေါ့ကွန်း၌ ဖော်ပြသည်။ ရီးယဲလ်မက်ဒရစ်သည် မက်ဆီအတွက် လစာ၊ အပြောင်းအရွှေ့ကိုယ်စားလှယ်စရိတ်၊ လွှဲအပ်စာစရိတ်အဖြစ် ယူရိုသန်း ၂၅၀ နှင့် ပြောင်းရွှေ့ကြေး ယူရိုသန်း၂၅၀ ပေးချေရမည်ဖြစ်သောကြောင့် စုစုပေါင်း ယူရိုသန်း ၅၀၀( ယူရိုဘီလီယံဝက်) ကုန်ကျမည်ဖြစ်သည်။

ယင်းထုတ်ပြန်ချက်ကို ဘာစီလိုနာနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့ မေ ၂ ရက်တွင် ယှဉ်ပြိုင်ကစားမည့် အယ်လ်ဂလက်စီကိုပွဲစဉ်မတိုင်မီ ကြေညာခဲ့ခြင်းမှာလည်း အံ့အားသင့်ဖွယ်ရာပင်ဖြစ်သည်။ အသက်(၁၃) နှစ်အရွယ်ကတည်းက ဘာစီလိုနာအသင်းတစ်သင်းတည်းတွင်သာ ကစားခဲ့သည့် မက်ဆီက သူ၏ အပြောင်းအရွှေ့ဖြစ်စဉ်အဓိကအကြောင်းတရားမှာ များပြားလွန်းသည့် ငွေကြေးကြောင့်ပင်ဖြစ်ကြောင်း ဆိုခဲ့သည်။

“ဘဏ္ဍာရေးမျှခြေ စည်းမျဉ်းဆိုတဲ့အချက်နဲ့အတူ ဘာစီလိုနာက ကျွန်တော်ဖြစ်ချင်တာ၊ လုပ်ချင်တာတွေကို လျစ်လျူရှုခဲ့ပါတယ်။ သူတို့ရဲ့ အကြောင်းပြချက်အရတော့ ကလပ်အသင်းဟာ ကျွန်တော့်ထက်ပိုပြီး တန်ဖိုးရှိတဲ့အတွက် သူတို့မှာ ရွေးချယ်စရာမရှိဘူးလို့ ဆိုပါတယ်။ ဒီအကြောင်းပြချက်ကပဲ ကျွန်တော်အသည်းကွဲခဲ့ရသလို ဘာစီလိုနာနဲ့ ကျွန်တော်ရဲ့ ပတ်သက်မှုလည်း အဆုံးသတ်သွားခဲ့ပါပြီ”လို့ မက်ဆီက သတင်းစာရှင်းလင်းပွဲတွင် ထည့်သွင်းပြောကြားလိုက်သည်။

ဂိုးလ်သတင်းထောက် ဂယ်ရီကာဟေးလ်ကမူ မက်ဆီပြောင်းရွှေ့ရခြင်း၏ အဓိကနောက်ခံအကြောင်းတရားမှာ ငွေကြေးတစ်ခုတည်းကြောင့် မဟုတ်ဘဲ အခြားအရေးကြီးအခြေခံအကြောင်းတရားများလည်းရှိသေးကြောင်း အရိပ်အမြွက်ဖော်ပြခဲ့သည်။ ရီးယဲလ်မက်ဒရစ်ကြယ်ပွင့် စီရိုနယ်လ်ဒိုက မက်ဆီရောက်ရှိလာမည့်အတွက် ကြိုဆိုကြောင်း ရီးယဲလ်မက်ဒရစ်၏ ဝက်ဘ်ဆိုက်မှတစ်ဆင့် ပြောကြားခဲ့သည်။ ဘာစီလိုနာအသင်းကမူ မက်ဆီ၏နေရာတွင် လက်စတာတိုက်စစ်မှူး ဂျေမီဗာဒီအား အစားထိုးကာ ဆွာရက်ဇ်နှင့် တွဲဖက်ကစားစေရန် စီစဉ်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် မက်ဆီအားခေါ်ယူနိုင်ခဲ့သည့်ရီးယဲလ်မက်ဒရစ်အနေဖြင့် နေမာ၊ ဟာဇက်တို့ကိုလည်း မကြာမီခေါ်ယူလိမ့်မည်ဖြစ်ကြောင်း စပိန်သတင်းစာမာကာက အတိအကျပင် ဖော်ပြခဲ့သည်။ သို့သော် ရီးယဲလ်အသင်းနည်းပြ ဇီဒန်း၏ အကြိုက်နှစ်သက်ဆုံးကစားသမားသုံးဦးမှာ စီရိုနယ်လ်ဒို၊ မက်ဆီနှင့် ဟာဇက်တို့ပင်ဖြစ်ရာ သူတို့သုံးဦး တွဲဖက်ကစားစေနိုင်စေရန် ရီးယဲလ်မက်ဒရစ် အသင်းတာဝန်ရှိသူများ စွမ်းဆောင်လိမ့်မည်ဖြစ်သောကြောင့် နေမာထက်စာလျှင် ဟာဇက်ကိုသာ အရင်ဦးစားပေးခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

## ရီးယဲလ်မက်ဒရစ်သို့ ပြန်မည်မဟုတ်ဟု အိုဇေးလ်ဖွင့်ဟ

အိုဇေးလ်က လက်ရှိရီးယဲလ်မက်ဒရစ်အသင်းနည်းပြ ဇီဒန်းအား လေးစားမှုအပြည့်ရှိသော်လည်း ရီးယဲလ်သို့ ပြန်လည်အခြေချကစားတော့မည်မဟုတ်ကြောင်း ဖွင့်ဟပြောကြားလိုက်သည်။ မကြာသေးမီကာလအတွင်းက ထွက်ပေါ်ခဲ့သော သတင်းများ၏ အဆိုအရ အိုဇေးလ်မှာ အာဆင်နယ်၏ လက်ရှိအနေအထားအပေါ် စိတ်ပျက်လျက်ရှိနေသောကြောင့် လာလီဂါသို့ ပြောင်းရွှေ့ရန် ချိတ်ဆက်မှုများပြုလုပ်နေသည်ဟု သိရသည်။

သို့သော် အိုဇေးလ်က ရီးယဲလ်မက်ဒရစ်ကစားသမားအဖြစ် ကျင်လည်ဖူးသည့်အချိန်များကို သတိတရရှိသော်




လည်း ရီးယဲလ်သို့ ပြန်လည်ပြောင်းရွှေ့မည်ဆိုသည်မှာ ကောလာဟလများသာဖြစ်ကြောင်း တုံ့ပြန်လိုက်သည်။ လာမည့်ရာသီတွင် အာဆင်နယ်အား အာစင်ဝင်းဂါးသာ ဆက်လက်ကိုင်တွယ်နေလျှင် အိုဇေးလ်အနေဖြင့် ရာသီကုန်တွင် အာဆင်နယ်မှ သေချာပေါက် ထွက်ခွာတော့မည်ဖြစ်သည်ဟု စပိန်မီဒီယာများက အတိအကျဖော်ပြခဲ့ကြသည်။ မကြာသေးမီကာလကပင် ဝင်းဂါးက အိုဇေးလ်နှင့် ဆန်းချက်ဇ်တို့နှစ်ဦးအား စာချုပ်သက်တမ်းထပ်တိုးရေး ကိစ္စရပ်မှာ မနီးစပ်သေးကြောင်း သတင်းပေးခဲ့သေးသည်။

အိုဇေးလ်က သူ၏အကြိုက်ဆုံးကစားသမားနှစ်ဦးမှာ ဇီဒန်းနှင့် ပီယာလိုတို့နှစ်ဦးဖြစ်ပြီး ဇီဒန်းကဲ့သို့ ဘောလုံးကို ဉာဏ်နှင့် ယှဉ်ကစားသည့် ကစားသမားတစ်ဦးဖြစ်ရန် ကြိုးစားရဦးဖြစ်ကြောင်း ဆိုခဲ့သည်။ ရီးယဲလ်မက်ဒရစ်အသင်းသည် လိုချင်သည့်ကစားသမားများကို ရအောင်ခေါ်နိုင်ခဲ့သည့် အစဉ်အလာရှိသောအသင်းဖြစ်ရာ ဘာစီလိုနာတိုက်စစ်မှူး မက်ဆီကိုပင် လာမည့်ရာသီအတွက် ခေါ်ယူနိုင်ခဲ့ပြီဖြစ်သောကြောင့် ဇီဒန်းသာ အလိုရှိလျှင် အိုဇေးလ်သာမက နေမာကိုပင် ခေါ်ပေးလိမ့်မည်ဖြစ်ကြောင်း စပိန်မီဒီယာများက ဖော်ပြခဲ့သည်။

ဂျာမနီနှင့် အင်္ဂလန်အသင်းတို့ ယှဉ်ပြိုင်ခဲ့သည့်ပွဲတွင် ဂျာမနီအသင်းမှာ သုံးဂိုး-နှစ်ဂိုးဖြင့် အိမ်ကွင်းမှာပင် အရေးနိမ့်ခဲ့သော်လည်း ဇီဒန်းက အိုဇေးလ်၏ ကစားပုံနှင့်ပတ်သက်၍ ချီးကျူးစကားဆိုခဲ့ရာ ယခုကဲ့သို့ သတင်းများထပ်မံထွက်လာခဲ့ခြင်းဖြစ်သည်။ အာဆင်နယ်အသင်းတွင် ထွက်ခွာမည့်ကစားသမား ခုနစ်ဦးအထိရှိပြီး ရောက်ရှိလာမည့်ကစားသမားမှာလည်း ခုနစ်ဦးအထိပင်ရှိနိုင်ကြောင်း အင်ဒီပန်းဒင့်သတင်းဌာနက ဖော်ပြခဲ့သည်။ ထွက်ခွာမည့် ကစားသမားစာရင်းတွင် ရိုဆက်စကီး၊ ချန်ဘာလိန်၊ ဒီဘူချီ၊ ယာယာဆိုင်နိုဂို၊ ကီရန်ဂစ်ဘ်စ်၊ ဖလာမီနီနှင့် အတီတာတို့ပါဝင်ပြီး အဝင်စာရင်းတွင် အီဗရာဟီမိုဗစ်ချ်၊ တိုနီခရူးစ်၊ အော့ဘာမီယန်နှင့် မိုရာတာတို့ကဲ့သို့ နာမည်ကျော် ကစားသမားများ ပါဝင်နေကြောင်း သိရသည်။

**မေလဲ့သင်း-စုစည်းဖော်ပြသည်**

## ယူရို-၂၀၁၆တွင် အသုံးပြုမည့် ဂိုးလိုင်းနည်းပညာတွင် ဘောလုံးအတွင်း စပီကာအသေးစားထည့်သွင်းမည်ဖြစ်ကြောင်း ယူအီးအက်ဖ်အေ ထုတ်ပြန်




ယူရို-၂၀၁၆ ပြိုင်ပွဲတွင် ဂိုးလိုင်းနည်းပညာရပ်အား အသုံးပြုသွားမည်ဖြစ်ကြောင်း ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက ထုတ်ပြန်ကြေညာခဲ့ပြီးနောက် ယခုအခါ ဘောလုံးအတွင်း၌ စပီကာအသေးစားအားထည့်သွင်းကာ ဂိုးစည်းကျော်၊ မကျော်ဆိုသည်နှင့်ပတ်သက်၍ အရုပ်၊ အသံ နှစ်မျိုးစလုံးဖြင့် သတိပေးသွားမည်ဖြစ်ကြောင်း ယူအီးအက်ဖ်အေမှ ထပ်မံထုတ်ပြန်ကြေညာလိုက်သည်။ ရာထူးမှ ဆိုင်းငံ့ခံနေရသော ယူအီးအက်ဖ်အေဥက္ကဋ္ဌ ပလာတီနီမှာ ဂိုးလိုင်းနည်းပညာရပ်အသုံးပြုမည့် ကိစ္စရပ်အပေါ် နှစ်ပေါင်းများစွာ ဆန့်ကျင်သူအဖြစ်ရပ်တည်ခဲ့သော်လည်း သူ၏ပြစ်ဒဏ်ကာလအတွင်းမှာပင် အခြားယူအီးအက်ဖ်အေတာဝန်ရှိသူများက ယင်းကိစ္စရပ်ကို အတည်ပြုလိုက်ခြင်းဖြစ်သည်။

ယူအီးအက်ဖ်အေတာဝန်ရှိသူများက ယူရိုပွဲတွင် အသုံးပြုသွားမည့် ဘောလုံးအား “စကားပြောသောဘောလုံး” အဖြစ် တင်စားပြောဆိုကာ ဘောလုံး၏အလယ်ဗဟိုတွင် မိုက်ခရိုအချပ်ငယ်အား ထည့်သွင်းထားမည်ဖြစ်သလို အခြားမိုက်ခရိုအချပ်ငယ်တစ်ခုအား ဂိုးတိုင်အောက်တွင် မြှုပ်နှံထားမည်ဖြစ်သည်။ ယင်းအီလက်ထရွန်နစ် အချပ်ငယ်နှစ်ခုက ဂိုးစည်းကျော်၊ မကျော်ဆိုသည်ကို ကွင်းလယ်ဒိုင်နှင့် အခြားအကူဒိုင်များ၏ နားကြပ်များဆီသို့ သတင်းပေးပို့သွားမည်ဖြစ်သည်။

ထို့ကြောင့် ၂၀၁၀ ကမ္ဘာ့ဖလားနှင့် ယူရို-၂၀၁၂ တွင် ကြုံတွေ့ခဲ့ရသည့် ဂိုးဝင်၊ မဝင်ဆိုသည့် အငြင်းပွားစရာဖြစ်ရပ်မျိုးရှိလာမည်မဟုတ်ကြောင်း ယူအီးအက်ဖ်အေတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

## ဗန်ဟားလ်အပေါ် စိတ်ရှည်ပေးရန် ဖာဂူဆန် ပန်ကြား

မန်ယူဂန္ထဝင်နည်းပြကြီး ဆာအဲလက်စ်ဖာဂူဆန်က လက်ရှိနည်းပြ ဗန်ဟားလ်အပေါ်သာ ယခုထက်ပိုမို စိတ်ရှည်ပါက မန်ယူအသင်း၏ ရွှေရောင်နေ့ရက်ကာလများ ပြန်လည်ရောက်ရှိလာမည်ဖြစ်ကြောင်း မန်ယူပရိသတ်များအား သတိပေးစကား ဆိုလိုက်သည်။ ဗန်ဟားလ်မှာ မန်ယူအသင်းအား နှစ်နှစ်နီးပါး ကိုင်တွယ်ခဲ့သော်လည်း ဆုဖလား တစ်ခုမျှပင်မရရှိခဲ့ရာ အခြားနည်းပြတစ်ဦးအား ပြောင်းလဲကိုင်တွယ်စေသင့်ပြီဖြစ်ကြောင်း အမာခံပရိသတ်များနှင့် ကစားသမားဟောင်းများက သုံးသပ်ကြသည်။

သို့သော် ဖာဂူဆန်က သူ၏နည်းပြဘဝ နှစ်ပေါင်း ၂၂ နှစ်အတွင်း ဆုဖလား ၃၈ ခုရယူနိုင်ရန် လေးနှစ်တာကာလ စောင့်ဆိုင်းခဲ့ရကြောင်း၊ ထို့ကြောင့် ဗန်ဟားလ်အပေါ် လိုသည်ထက်ပို၍ ဝေဖန်နေမှုများအား ရပ်တန့်ကာ စိတ်ရှည်ပေးရန် ပန်ကြားပေးခဲ့ခြင်းဖြစ်သည်။ ဗန်ဟားလ်မှာ စပိန်၊ နယ်သာလန်နှင့် ဂျာမနီတို့တွင် ပြည်တွင်းချန်ပီယံဆုများ ရယူပေးနိုင်ခဲ့ပြီး ၁၉၉၅ ခုနှစ်၌ အေဂျက်စ်အသင်းနှင့်အတူ ချန်ပီယံလိဂ်ဆုဖလား ဆွတ်ခူးနိုင်ခဲ့သည်။

သို့သော် မန်ယူအသင်းသည် ဖာဂူဆန်အနားယူခဲ့သည့် ၂၀၁၃ ခုနှစ်မှစပြီး ကွန်မြူနတီဖလားတစ်ကြိမ်သာ ရယူနိုင်ခဲ့ပြီးနောက် အခြားမည်သည့်ချန်ပီယံဆုကိုမျှ ရယူနိုင်ခြင်းမရှိတော့ပေ။ လက်ရှိတွင် မန်ယူအသင်းမှာ ပရီမီယာလိဂ်အမှတ်ပေးဇယား အဆင့်(၆)နေရာတွင်သာ ရပ်တည်နေပြီး အက်ဖ်အေဖလား ကွာတားဖိုင်နယ်အဆင့်တွင်လည်း ဝက်စ်ဟမ်းကဲ့သို့ ကစားအားမာသောအသင်းနှင့် ထိပ်တိုက်တွေ့ဆုံနေပြီး တစ်ဂိုးစီသရေသာ ကစားနိုင်ခဲ့ရာ ပြန်ကန်ပွဲစဉ်ကို လာမည့် မေ ၁၃ ရက်တွင် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

## ဆိုင်ကယ်မီးလောင်မှုဖြစ်ပွား

**ပခုက္ကူ ဧပြီ ၁**
ပခုက္ကူမြို့ အမှတ်(၄)ရပ်ကွက် ထင်းတန်းလမ်းနှင့် တပ်မလမ်းဆုံ အနီးတွင် မတ် ၃၁ ရက် ညနေ ၆ နာရီခွဲခန့်က ဆိုင်ကယ်မီးလောင်မှု ဖြစ်ပွားသည်။

ဖြစ်စဉ်မှာ ပခုက္ကူမြို့ ဓမ္မစေတီလမ်း အမှတ်(၂)ရပ်ကွက်နေ ကျော်သူဦး(၁၇)နှစ် မောင်းနှင်ပြီး အမှတ်(၈)ရပ်ကွက် လွတ်လပ်ရေးလမ်းနေ ကောင်းမြတ်သူ (၁၇)နှစ် လိုက်ပါလာသည့် နံပါတ်ပါ Super Anbo 125 အနီရောင်ဆိုင်ကယ်သည် တပ်မလမ်းအတိုင်း အနောက်မှ အရှေ့သို့ မောင်းနှင်လာစဉ် တပ်မလမ်းနှင့် ထင်းတန်းလမ်းဆုံအနီး အရောက်တွင် ဆိုင်ကယ်ဆီပိုက်ပြုတ်ထွက်ကာ ဓာတ်ဆီများ အင်ဂျင်ပေါ် ကျရာမှ ဆိုင်ကယ် မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

ပတ်ဝန်းကျင်ရှိ ပြည်သူများက မီးသတ်ဆေးဘူးများဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၆ နာရီ မိနစ် ၄၀ ခန့်တွင် မီးငြိမ်းသွားသည်။

မီးလောင်ရာသို့ ပခုက္ကူခရိုင် မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်နိုင်ပါ မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး၊ မီးသတ်ယာဉ်နှစ်စီး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀၊ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ကြပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ ကျော်သူဦးအား ပခုက္ကူမြို့ မြို့မရဲစခန်းက စစ်ဆေးအရေး ယူဆောင်ရွက်လျက်ရှိသည်။

ပူပြင်းခြောက်သွေ့သောရာသီတွင် ဆိုင်ကယ် စီးနင်းသူများအနေဖြင့် ဆီတိုင်ကီ၊ ဆီပိုက်၊ ဝါယာကြိုးများ ကောင်းမွန်မှုရှိ၊ မရှိ စစ်ဆေး ပြီးမှစီးသင့်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

**(ခရိုင်ပြန်/ဆက်)**



## ယာဉ်ပေါ်ပါပစ္စည်းများအား ခိုးယူမောင်းနှင်ထွက်ပြေးသူအား ဖမ်းမိ

**ရန်ကုန် ဧပြီ ၁**
မတ် ၂၉ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က အမှတ် (၂၉/၈၅၆) အောင်သစ္စာ (၃)လမ်း (၂၉)ရပ်ကွက် မြောက်ဒဂုံမြို့နယ်နေသူ ဦးဖြိုးဟိန်းကျော်သည် ယခင်က ခင်မင်ရင်းနှီးသူ ဟိန်းဇော်၏ ဟွန်ဒါဖစ်အဖြူရောင်အငှားယာဉ်ဖြင့် အလုံမြို့နယ်တွင် ကုန်ဖိုးငွေရယူရန် သစ်တော ရပ်ကွက် အလုံတာဝါရှိ ရွှေတောင်ကုမ္ပဏီသို့ဝင်ရောက်ပြီး အဆိုပါကားဖြင့်ပင် တောင်ဒဂုံမြို့နယ် စက်မှုဇုန်(၃)သို့ပြန်လာစဉ် အလုံမြို့နယ် အလုံလမ်းရှိ "အေးချမ်းစေ" စတိုးဆိုင်တွင် ကားအားခေတ္တရပ်ပြီး အအေးဝင်ဝယ်ရာ ကားပေါ်တွင် ကျန်ရှိခဲ့သော ငွေ ၇၆ သိန်းနှင့်အတူ NEEKO တံဆိပ်ပါ ကျောပိုးအိတ် ဟောင်းတစ်လုံး၊ ဘဏ်စာအုပ်ခြောက်အုပ်၊ ATM ကတ်နှစ်ကတ်၊ မှတ်ပုံတင်တစ်ခု၊ ယာဉ်မောင်းလိုင်စင်တစ်ခုထည့်ထားသော ကျောပိုးအိတ်နှင့်အတူ မောင်းနှင်ထွက်ပြေးသွားသဖြင့် အလုံမြို့မ ရဲစခန်းသို့ မတ် ၂၉ ရက် ည ၁၀ နာရီ ၁၀ မိနစ်က လာရောက်တိုင်တန်းခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ (ပ) ၁၀၆/၂၀၁၆၊ ပြစ်မှုပုဒ်မ ၃၇၉ အရ အမှုဖွင့်ပြီး ပြစ်မှုကျူးလွန်သူအား အမြန်ဆုံးဖမ်းဆီးရမိရေးဆောင်ရွက်စဉ် တာဝန်သိပြည်သူ၏သတင်းပေးချက်အရ သာကေတမြို့နယ် အမှတ်(၈) ရပ်ကွက်တွင် ရောက်ရှိနေကြောင်း သတင်းရရှိသဖြင့် သာကေတ မြို့မ ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းဖမ်းဆီးနိုင်ခဲ့ပြီး တရားစွဲဆိုနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**ကိုတင်မောင်ဦး (အလုံ)**

## ကရသူရီမြို့တွင် ခရီးသည်တင်ယာဉ်တိမ်းမှောက်၊ ၄၇ ဦး ဒဏ်ရာရ

**ကရသူရီ ဧပြီ ၁**
တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်း-ဘုတ်ပြင်း ပြည်ထောင်စုလမ်းမကြီး ကရသူရီမြို့အနီးတွင် မတ် ၃၁ ရက်နေ့ ညနေပိုင်းက ကော့သောင်းမှ မြိတ်မြို့သို့ မောင်းနှင်လာသည့် ခရီးသည်တင်မှန်လုံယာဉ်တစ်စီး တိမ်းမှောက်ခဲ့သည်။

ဖြစ်စဉ်မှာ ကော့သောင်းမှ မြိတ်မြို့သို့ သွားရောက်မည့် ယာဉ်မောင်း ဦးအောင်ဝင်း မောင်းနှင်လာသည့် ကောင်းသစ်စံ ခရီးသည်ပို့ဆောင်ရေး မော်တော်ယာဉ်လိုင်းမှ ယာဉ်အမှတ် 4B/------- သည် ပြည်ထောင်စုလမ်းမကြီး လမ်းပိုင်း ကရသူရီမြို့ မိုင်တိုင်အမှတ် ၁၈၄ အနီး ကုန်းအဆင်းတစ်ခု အရောက်တွင် တစ်ဖက်မှမောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးအား ရှောင်တိမ်းရာမှ အရှိန်မထိန်းနိုင်ဖြစ်ကာ လမ်း ယာဘက်ချောက်အတွင်းသို့ ထိုးကျ တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ကားပေါ်ပါခရီးသည် ၄၇ ဦး ဒဏ်ရာရရှိကြသည်။ အခင်းဖြစ်ပွားရာသို့ သတင်းရရခြင်း ကော့သောင်းနာရေးကူညီမှုအသင်းမှ လူနာတင်ယာဉ်နှင့် အခြားယာဉ်နှစ်စီးဖြင့် သွားရောက်ကာ ဒဏ်ရာရရှိသည့် ခရီးသည်များအား အနီးရှိ တပ်မတော် (ရေ) တပ်ရင်းဆေးခန်းနှင့် စိုးရိမ်ရသည့်ဒဏ်ရာရရှိသူများအား ကရသူရီ ပြည်သူ့ဆေးရုံနှင့် ဘုတ်ပြင်းမြို့ ပြည်သူ့ဆေးရုံများသို့ ဆေးဝါးကုသမှုခံယူရန်ပို့ဆောင်ပေးခဲ့ကြသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် သေဆုံးသူမရှိကြောင်းနှင့် ယာဉ်မောင်း ဦးအောင်ဝင်းအား သက်ဆိုင်ရာနယ်မြေ ရဲတပ်ဖွဲ့မှ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကရသူရီ(ပြန်/ဆက်)**

## ဆိုင်ကယ်နှစ်စီးတိုက်မိ၊ လေးဦးဒဏ်ရာရ

**ကျိုက်ထို ဧပြီ ၁**
